mgyoe.com

ဓမ္မဃောသက ဦးမောင်မောင်

# မြန်မာ့စီးပွားရေးပုဂ္ဂိုလ်ကျော် တစ်ဆယ့်နှစ်ဦး





တတိယအကြိမ်

mgyoe.com

ဓမ္မဃောသကဦးမောင်မောင်

# မြန်မာ့စီးပွားရေးပုဂ္ဂိုလ်ကျော်
# တစ်ဆယ့်နှစ်ဦး



ISBN9789997113276
BIO12
9 789997 113276
1,800.00KS

mgyoe.com

မြန်မာ့စီးပွားရေးပုဂ္ဂိုလ်ကျော်တစ်ဆယ့်နှစ်ဦး။ ဓမ္မဃောသကဦးမောင်မောင်
စာမျက်နှာ ၁၅၂+ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၈၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၂ ပုဂံစာအုပ်တိုက်၏ ဒုတိယအကြိမ်မှု၊ (ပထမအကြိမ်-ရွှေပုရပိုက်စာပေ၊ ၁၉၉၁)

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြန်မာ့စီးပွားရေးပုဂ္ဂိုလ်ကျော် တစ်ဆယ့်နှစ်ဦး

ဓမ္မဃောသကဦးမောင်မောင်

တတိယအကြိမ် ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– ဓမ္မဃောသက ဦးမောင်မောင်–မောင်ဖေယျာ က

– ဓမ္မဃောသက ဦးမောင်မောင်၏ မိတ်ဆက်လွှာ ဂ

၁။ ဆာဘွဲ့ရ မြန်မာပွဲစားကြီး ဦးဘိုးသာ ၃

၂။ ကျွန်တော့်ကိုခိုင်းပါ (သို့မဟုတ်)
ငွေပန်းထိမ်လုပ်ငန်းပိုင်ရှင် ဦးညီလေး ၁၁

၃။ စီးပွားရေးအောင်မြင်မှုအတွက်
ဖွဲ၊ လုံ့လနှင့် စွန့်စားကြိုးစားမှု အရေးကြီးသည်
(သို့မဟုတ်) ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိတက် ၁၉

၄။ ရိုးရိုးကျင့် မြင့်မြင့်ကြံ (သို့မဟုတ်)
မွန်သူဌေးကြီး ဦးနာအောက် ၃၁

၅။ စီးပွားရေးနှင့် မျိုးချစ်စိတ်ဓာတ် – ဦးရွှေလေး ၄၁

၆။ မျိုးချစ်ကုန်သည်ကြီး ဟသ်ာတဦးမြ ၅၃

၇။ ဗြိတိသျှဘားမား (သို့မဟုတ်)
ဟံသာဝတီသူဌေး ဦးညွန့် ၆၅


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၈။ | ထူးလည်းထူးတဲ့ ပဲရော့ဦးဆန်နီ | ၇၇ |
| ၉။ | ပိအော ဦးထွန်းရင် | ၉၇ |
| ၁၀။ | ပန်းကန်စက် ဦးသော် | ၁၁၃ |
| ၁၁။ | လူပျံတော်ပတ္တမြား ဦးမောင်မောင် | ၁၂၅ |
| ၁၂။ | ဦးဘညိန်သား မြန်မာ့ဆေးဆိုင် | ၁၃၉ |


❐

mgyoe.com

mgyoe.com





## မမွဃောသက ဦးမောင်မောင်
## (၁၉၁၂-၁၉၉-)

ရန်ကုန်ဇာတိ။ အဘ ဦးဖိုးစိန်–အမိ ဒေါ်မေ။ မွေးချင်းမောင်နှမနှစ်ယောက်တွင် အငယ်။ ရန်ကုန် ပုဇွန်တောင်၊ ပေတောကုန်းရပ် ဆရာကြီး ဦးအောင် သိန်း၏ မူလတန်းကျောင်း၊ ရေကျော် မက်သဒစ် ကျောင်း၊ ရန်ကုန်အစိုးရ ဟိုက်စကူးကျောင်းတို့တွင် ပညာသင်ကြားခဲ့။ ၁၉၃၁ ခုနှစ်တွင် ဆယ်တန်းစာ မေးပွဲကို မြန်မာစာဂုဏ်ထူးဖြင့်အောင်။ ၁၉၃၁–၃၂ တွင် ရန်ကုန်တက္ကသိုလ်၌ ပညာသင်။ မိဘစီးပွား ရေးကြောင့် တက္ကသိုလ်မှထွက်ရ။ မီးရထား သယ်ယူ ပို့ဆောင်ရေး၊ ထောက်ပံ့ရေး၊ လူမှုဝန်ထမ်း၊ ဖက်စပ် ကော်ပိုရေးရှင်း အမှတ် ၅ နှင့် ကုန်သွယ်ရေး ကော်ပို ရေးရှင်းတို့တွင် စာရေးဘဝမှ အထက်တန်းအရာရှိ အဖြစ် နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့။ ၁၉၆၇ တွင် အငြိမ်းစားယူ။ အငြိမ်းစားဘဝတွင်

mgyoe.com

m.gyoe.com



ဓမ္မစာပေ ကုသိုလ်ဖြစ်ထုတ်ဝေရေး၊ တိပိဋကပူဇော်ပွဲ၊ တရားပွဲ၊ ဟောပြောပွဲ၊ ပြပွဲ၊ စာမေးပွဲ၊ သင်တန်းများ စေတနာ့ဝန်ထမ်း ဆောင်ရွက်၍ 'ဓမ္မဃောသက' အမည်ရ။ မြတ်ဗုဒ္ဓ၏ တေဒဂ်ဘွဲ့ရပုဂ္ဂိုလ်မြတ်များ (၁၉၇၉)၊ သံဃာအား ဘုရားယုံခဲ့သည် (၁၉၈၀)၊ သံဃာ့ဂိုဏ်းကြီး ၉ ဂိုဏ်းအကြောင်း (၁၉၈၁)၊ မြန်မာ့စီးပွားရေးပုဂ္ဂိုလ် တစ်ဆယ့်နှစ်ဦး (၁၉၉၁) စာအုပ်များပြုစုခဲ့။ ၁၉၉၁ ခုနှစ် ဇနီး ဒေါ်သန်းသန်း ကွယ်လွန်၍ ဇနီး၏ လက်ဝတ်လက်စား ရွှေငွေပစ္စည်းများကို ရောင်းချပြီး ငါးသိန်းကျော်တန် စာကြည့်တိုက်ကို ရန်ကုန်မြို့၊ သမိုင်းရပ် ကျိုက်ဝိုင်းဘုရားအနီး သာသနောဒယ(ပြည်) သီလရှင်စာသင်တိုက်၌ ဆောက်လုပ်လှူဒါန်း၍ ကိုယ်ပိုင် အင်္ဂလိပ်-မြန်မာစာအုပ်ပေါင်း ၂၀၀၀ ကျော်ကို ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်နှင့် အခြားစာကြည့်တိုက်များသို့ ခွဲဝေလှူဒါန်းခဲ့ပါသည်။

မောင်ဓေယျာ

❒

mgyoe.com

mgyoe.com



## ဓမ္မဃောသက ဦးမောင်မောင်၏
## မိတ်ဆက်လွှာ

စာရေးသူသည် ဒုတိယကမ္ဘာစစ်မဖြစ်မီနှင့် စစ်ပြီးကာလတွင် မြန်မာတိုင်းရင်းသား ကုန်သည်ကြီးများနှင့် စာတွေ့၊ ကိုယ်တွေ့ အတော်များများ တွေ့ကြုံဆက်ဆံဖူး၏။ ထိုပုဂ္ဂိုလ်ကြီး၏ လုပ်ရည်ကိုင်ရည်တို့ကိုလည်း တိုတိုကျဉ်းကျဉ်း ဖော်ပြရေးသားရန် ဆန္ဒဖြစ်ပေါ်သော်လည်း ခိုင်လုံသော မှတ်တမ်းမှတ်ရာ မရှိသည်ကများသဖြင့် အခက်အခဲနှင့် တွေ့ရသည်။ ဖွဲ့ကောင်းကောင်းနှင့် ကြိုးစားရှာဖွေ စုံစမ်းမှုကြောင့် အကြောင်းအရာတစ်ပုဒ်ဖြစ်အောင် ရေးသားတင်ပြနိုင်ခဲ့သည်။ စီးပွားရေးပုဂ္ဂိုလ်တစ်ဦးအကြောင်းကို ဖော်ပြရာ၌ ထိုပုဂ္ဂိုလ်သည်။

(၁) မြန်မာတိုင်းရင်းသားဖြစ်ရမည်၊

(၂) ဗုဒ္ဓဘာသာကို ကြည်ညိုအားပေးသူဖြစ်ရမည်၊

mgyoe.com

mgyoe.com



(၃) တရားတော်အရ အကုသိုလ်ကင်း၍ သမာအာဇီဝလုပ်ငန်း ဖြစ်ရမည်၊

(၄) အမျိုးသားစိတ် ရှိရမည်၊

'မူ'လေးချက်ကို ချမှတ်၍ ရေးသည်။

စာရေးသူ၏ အဓိကရည်မှန်းချက်မှာ မဝေးလွန်းသော အတိတ်ကာလ၌ ရှိခဲ့ဖူးသော မြန်မာ့စီးပွားရေး လူရည်ချွန်ကြီးများအကြောင်းကို နှောင်းခေတ်လူငယ်များ သိတန်သလောက် သိရှိနိုင်ကြပါစေ။ ထိုပုဂ္ဂိုလ်ကြီးများ၏ ထူးခြားလုပ်ကိုင်ဆောင်ရွက်မှုများကို အတုယူအားထုတ်နိုင်ကြပါစေဟူသော ကောင်းမြတ်သောစေတနာဖြင့် ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။ အချက်အလက် ကူညီရှာဖွေပေးကြသော ပုဂ္ဂိုလ်အပေါင်းတို့အား လေးစားစွာဖြင့် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ကျမ်းမာချမ်းသာတော်မူကြပါစေ

မမ္မဃောသက ဦးမောင်မောင်

၁၉-၃-၉၁

❐

mgyoe.com

mgyoe.com



ဆာဘွဲ့ရ မြန်မာပွဲစားကြီး ဦးဘိုးသာ

mgyoe.com

mgyoe.com


"ကံ၊ ဉာဏ်၊ ဝီရိယတွင်မဟုတ်ဘူး။
ကာလသမ္ပတ္တိ၊ ပယောဂသမ္ပတ္တိ၊ ဉာဏသမ္ပတ္တိနှင့်
ပြည့်စုံဖို့လည်း လိုသေးတယ်။
ဆာဘိုးသာဟာ
ကောင်းသောအခါကာလနှင့် ကြုံကြိုက်တယ်။
ကောင်းသောလုံ့လဝီရိယနှင့် ပြည့်စုံတယ်။
အမြော်အမြင် ဉာဏ်ပညာ ဗဟုသုတလည်းရှိတယ်။
အဲဒီအင်္ဂါသုံးရပ်နဲ့ ညီညွတ်လို့
အဘက်ဘက်မှာ ထိပ်တန်းက ရပ်တည်နိုင်ခဲ့တယ်လို့
မှတ်ရမယ်"

mgyoe.com

mgyoe.com

# ဆာဘွဲ့ရ မြန်မာပွဲစားကြီး ဦးဘိုးသာ

"ကျွန်တော်သိချင်တာက ဆာဘိုးသာရဲ့အကြောင်းပါပဲ။ ဟိုခေတ်ဟိုအခါတုန်းက မြန်မာ့စီးပွားရေးလောကမှာ ဆာဘိုးသာဟာ ရှေ့တန်းက ပုဂ္ဂိုလ်ကြီးတစ်ဦးပဲလို့ ဆိုကြတယ် ဦးရဲ့"

"ဟုတ်တာပေါ့ကွာ။ သူ့အကြောင်း မြန်မာ့စွယ်စုံကျမ်းနဲ့ မိုးမြင့်မောင်ရေးတဲ့ ထူးဆန်းထွေလာ ပြည်မြန်မာဆိုတဲ့စာအုပ်မှာ အသင့်အတင့်လောက်ပါတယ်။ အမှန်တော့ 'ဆာဘိုးသာအတ္ထုပ္ပတ္တိ' ဆိုပြီး ထူးချွန်တဲ့ မြန်မာကုန်သည်ကြီးတစ်ယောက်အကြောင်း စာတစ်အုပ် ရေးသားပြုစုဖို့တောင် ကောင်းပါတယ်"

"ကျွန်တော်တို့လူငယ်တွေ အတုခိုး၊ နည်းယူဖွယ်ရာ အကြောင်းအရာကလေးများရှိလျှင် ပြောပြပါလားခင်ဗျာ"

"အကျဉ်းလောက်ပေါ့ကွာ။ ဦးဘိုးသာဟာ ဟံသာဝတီခရိုင် (ရန်ကုန်တိုင်း) သန်လျင်မြို့နယ်၊ ပဲခူးမြစ်ကမ်းမှာရှိတဲ့ ဖားကူးကျေးရွာက မထင်ရှားတဲ့ ကျေးတောသားကလေးတစ်ယောက်ပဲ။ ဦးညွန့်-ဒေါ်ဒွေးတို့ရဲ့ သားသမီးခြောက်ယောက်အနက် သားအကြီးဆုံးဖြစ်ပြီး ၁၂၁၉ ခုနှစ် တန်ခူးလ (ခရစ် ၁၈၅၇) တွင် ဖွားမြင်တယ်။ ငယ်စဉ်က ရွာဦးဘုန်းကြီး

mgyoe.com

mgyoe.com


ကျောင်းမှာ လောကီလောကုတ္တရာ အခြေခံပညာများကို သင်ယူခဲ့တယ်။ အသက် ၂၀ အရွယ်မှာ မိဘရဲ့ လယ်ယာနဲ့ ဆန်စပါးလုပ်ငန်းမှာ ပါဝင်ကူညီလုပ်ကိုင်ခဲ့တယ်။ အဲဒီလို ဦးဘိုးသာရဲ့ဘဝကို စခဲ့ရတယ်ပေါ့ကွယ်"

"ဟံသာဝတီခရိုင်ဆိုတာ အကြမ်းအားဖြင့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ကွမ်းခြံကုန်း၊ တွံတေး၊ ပဲခူးခရိုင် အရှေ့ဘက် ပင်လယ်စပ်အထိ ကျယ်ပြန့်တဲ့ လယ်ကွင်းပြင်ဒေသကြီးဖြစ်မှာပေါ့ ဦးရဲ့"

"ဟုတ်ပါတယ်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသပြီးလျှင် ပဲခူး၊ ဟံသာဝတီမယ်ဟာ မြန်မာနိုင်ငံရဲ့ စပါးအထွက်အကောင်းဆုံး စပါးကျီကြီးပေါ့။ အဲဒီနယ်မှာ လယ်ဧက ထောင်နဲ့ချီပြီးပိုင်ဆိုင်တဲ့ မြန်မာလယ်ပိုင်ရှင် မြေပိုင်ရှင် သူဌေးကြီးတွေ အများကြီးရှိတယ်။ အဲဒီလို ဆန်စပါးကိုမှီပြီး ကြီးပွားကြွယ်ဝနေတဲ့ဒေသမှာ ဦးဘိုးသာဟာ အသက် ၂၀ ကျော်အရွယ်မှာ တောရွာက စပါးပွဲစားကလေးအဖြစ်နဲ့ သူ့ရဲ့စီးပွားရေးလုပ်ငန်းကို စတင် ထူထောင်ခဲ့တာပါပဲ။ နောက်တော့ စပါးမှာ ဘုရင် (Paddy King, Paddy Magnate) တစ်ဆူ ဖြစ်လာတော့တာပဲ"

"စပါးအရောင်းအဝယ်ကောင်းတဲ့ အချိန်ကာလကလည်း မှန်တယ်၊ နေရာဒေသကလည်းမှန်တယ်၊ အဲဒီလို ကာလဒေသမှန်တဲ့အခါမှာ သူ့ရဲ့ စပါးပွဲစားလုပ်ငန်းကို စခဲ့တယ်ဆိုပါတော့ ဦးရယ်"

"မှန်တယ်။ အီဂျစ်မှာ စူးအက်တူးမြောင်းကြီး ဖောက်လုပ်ပြီးစီးသွားတော့ (၁၈၅၉-၆၉) တို့ နိုင်ငံရဲ့ ဆန်စပါး၊ ကျွန်းသစ်အရောင်းအဝယ်လုပ်ငန်းဟာ အနောက်နိုင်ငံတွေနဲ့ အထူးပဲ တိုးတက်ကျယ်ပြန့်လာတယ်။ အဲဒီတော့ ဦးဘိုးသာဟာ ဆန်စပါးလုပ်ငန်းမှာ ထင်ရှားတဲ့ စတီးဘုရားသား၊ ဘလုပ်ဘရားသား၊ ဖယ်ယာဝယ်သာရစ်ချဒ်ကုမ္ပဏီ၊ အောဘီစီကုမ္ပဏီ အစရှိတဲ့ အနောက်နိုင်ငံကုမ္ပဏီကြီးများရဲ့ စပါးအဝယ်တော်ပွဲစားကြီးများ ဖြစ်လာတယ်။ သူ့ရဲ့လက်အောက်မှာ အဝယ်တော်

mgyoe.com

mgyoe.com


ပွဲစားငယ်ကလေးတွေ ရှိသေးတယ်။ နယ်တွေမှာလိုက်ပြီး စပါးဝယ်ရတယ်၊ သိမ်းရတယ်။ နောက်ပြီး ဦးဘိုးသာဆီမှာ အပ်ရတယ်။ ဦးဘိုးသာက တစ်ဖန် ကုမ္ပဏီကြီးများထဲမှာ သွင်းရတယ်။ ကုမ္ပဏီကြီးများကလည်း အများအားဖြင့် ဦးဘိုးသာကိုပဲ စပါးဝယ်ဖို့ တာဝန်ပေးအပ်ကြတယ်"

"ဦးဘိုးသာက အင်္ဂလိပ်လို ပြောတတ်ရေးတတ်သလား ဦးရဲ့"

"ဟိုခေတ်က မက်ထရစ်တို့၊ ကောလိပ်တို့ဆိုတာ ဦးဘိုးသာနဲ့ မနီးစပ်ခဲ့ပါဘူး။ အေဘီစီလောက်တော့ နားလည်ဟန်တူပါတယ်။ ဒါပေမဲ့ အနောက်နိုင်ငံကုမ္ပဏီကြီးတွေနဲ့ ဆက်သွယ်ပြီး အောင်မြင်မှုရတဲ့ အရည်အချင်းဟာ ဦးဘိုးသာမှာ ထူးထူးခြားခြားရှိခဲ့တယ်။ အင်္ဂလိပ်စာ ရေးတတ်ပြောတတ်ဖို့ ခေတ်ပညာတတ်ထားဖို့ဆိုတာတွေက အဓိကလို အပ်ချက်မဟုတ်ပါဘူး။ ဉာဏ်ရည်သာဖို့၊ ဝီရိယရှိဖို့နဲ့ အကျင့်စာရိတ္တကောင်းပြီး သမာဓိရှိဖို့က စီးပွားရေးလောကမှာ အောင်မြင်ကြောင်းသော့ချက်တွေပေါ့ကွယ်"

"မှန်ပါတယ်ခင်ဗျာ"

"မြန်မာ့စွယ်စုံကျမ်းမှာ ဒီလိုတွေ့ရတယ်။ ဦးဘိုးသာသည် ဗြိတိသျှခေတ်၊ မြန်မာ့စီးပွားရေးလောကတွင် ထွန်းပေါက်ကျော်ကြားလှသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။ ဖြောင့်မတ်တည်ကြည်သည်။ ဉာဏ်ပညာဖြင့်ပြည့်စုံသည်။ စီးပွားရေးလာဘ်မြင်တတ်သည် စသည်ဖြင့် လုပ်ရည်ကိုင်ရည်တို့ကြောင့် မြန်မာ့စီးပွားရေးလောကတွင် ခေါင်းဆောင်ကြီးတစ်ဦးဖြစ်လာသည်။ စပါးလုပ်ငန်းတွင် မြန်မာလူမျိုးထဲမှ အကျွမ်းကျင်ဆုံးပုဂ္ဂိုလ်တစ်ဦးအဖြစ် အသိအမှတ်ပြုကြသည်လို့ ဖော်ပြထားတယ်"

"စံပြုထိုက်တဲ့ ပုဂ္ဂိုလ်ကြီးပဲလို့ ဆိုရမှာပါပဲ"

"ဦးဘိုးသာတို့ခေတ်က စပါးတင်းတစ်ရာမှ ပွဲခက ငွေနှစ်ကျပ်

mgyoe.com

mgyoe.com

လောက်ပဲရတယ်လို့ဆိုတယ်။ ဒါပေမဲ့ ဝယ်ရတဲ့ စပါးတင်းက တင်းပေါင်း ထောင်နဲ့သောင်းနဲ့ချီပြီးဝယ်ရတော့ ဦးဘိုးသာရဲ့ ဝင်ငွေဟာလည်း (ဟိုခေတ်က တန်ဖိုး) ထောင်နဲ့သောင်းနဲ့ချီပြီး ရှိနေမှာပါပဲ။ အဲဒီလို ဆန်စပါးလုပ်ငန်းမှာ တိုးတက်ကျယ်ပြန့်လာတဲ့အလျောက် လူမျိုးခြားတွေ ဥပမာ–တရုတ်၊ ကုလားကုန်သည်များနဲ့ ယှဉ်ပြိုင်နိုင်အောင်ဆိုပြီး ဦးဘိုးသာနဲ့ အပေါင်းပါတစ်စုက ရန်ကုန်မြို့မှာ ပွဲစားအသင်းတစ်သင်း ထောင်ကြတယ်။ အမည်ကတော့ (မြန်မာ စပါးပွဲစားကြီးအသင်း Burmese Paddy Broker Society)လို့ ရှေးသတ်ပုံနဲ့ ရေးထားတယ်။ အပေါ်က ကနေတဲ့ ဒေါင်းရုပ်၊ အလယ်က စပါးသယ်တဲ့ လောင်းလှေကြီးပုံ ဒါကိုကြည့်ခြင်းအားဖြင့် အင်မတန် မြန်မာဆန်ခြင်း ဝံသာနုစိတ်ဓာတ်ဟာ ပေါ်လွင်ထင်ရှားနေတယ်ကွယ့်"

"ဟုတ်ပါတယ်ခင်ဗျား။ ဗြိတိသျှခေတ်က ကုန်သည်ကြီးအသင်းဆိုတာ ရှိခဲ့ပါတယ်။ အင်္ဂလိပ်နဲ့ကုလား ကုန်သည်ကြီးတွေကပဲ ချုပ်ကိုင်ထားတယ်။ မြန်မာတွေ နေရာမရခဲ့ပါဘူး။ ယခု လွတ်လပ်ရေးခေတ်မှာတော့ ဗိုလ်ဆွန်ပက်လမ်းမှာ မြန်မာကုန်သည်ကြီးများနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဆိုပြီး ဖွင့်ထားပါတယ်"

"ဦးဘိုးသာတို့ဟာ လွန်ခဲ့တဲ့ နှစ်တစ်ရာလောက်ကပဲ ကုန်သည်လောကမှာ ခေတ်မီနေတယ်၊ တိုးတက်နေတယ်ဆိုတာ ထင်ရှားတယ်။ တို့ခေတ်လူငယ်တွေလည်း စီးပွားရေးလောကမှာ စိတ်ဝင်စားကြဖို့၊ တိုးတက်အောင်ကြိုးစားကြဖို့ လိုလိမ့်မယ်ထင်တယ်။ နောက်ပြီး ဦးဘိုးသာဟာ ဘုန်းကြီးကျောင်းထွက်တစ်ယောက်ဖြစ်ပြီး သာသနာရေး၊ ဘာသာရေးနဲ့ လူမှုရေးကိစ္စတွေမှာ ရှေ့တန်းကနေပြီး ကြိုးစားဆောင်ရွက်တတ်တယ်"

"ကျောင်းကန်ဇရပ်တန်ဆောင်းကြီးတွေ၊ ဘုရားဆင်းတုတော်၊

mgyoe.com

mgyoe.com


စေတီတော်တွေ၊ အင်းစိန်က ပြည်သူ့ဆေးရုံတွေ စတဲ့ ဦးဘိုးသာရဲ့ ကောင်းမှုတွေဟာ အတော်များတယ် ဦးရဲ့"

လူမှုရေးအနေနဲ့လည်း ဘုရင်ခံရဲ့ အတိုင်ပင်ခံလူကြီး၊ ရွှေတိဂုံဂေါပကအဖွဲ့ဝင်လူကြီး၊ အခြားထင်ရှားပြီး အရေးပါတဲ့ အသင်းအဖွဲ့တွေမှာလည်း ငွေရောလူရောပါဝင်ပြီး ဆောင်ရွက်လေ့ရှိတယ်။ ထူးခြားချက်တစ်ခုက အလှူဒါနနဲ့စပ်လာလျှင် ဘယ်အခါမှ မငြင်းတဲ့ပုဂ္ဂိုလ်၊ ငွေကြေးအကူအညီဖြစ်စေ၊ အကြံဉာဏ်အလုပ်အကိုင်အကူအညီဖြစ်စေ၊ တစ်ဦးတစ်ယောက်က တောင်းခံလာလျှင်လည်း ဘယ်အခါမှ နှောင့်နှေးငြင်းပယ်လေ့မရှိဘူးလို့ဆိုတယ်။

စိတ်သဘောထားကြီးမားပြီး သဒ္ဓါတရားကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပဲလို့ ဆိုရမှာပေါ့ခင်ဗျာ"

"အေး... အဲဒီလို စေတနာကောင်းတဲ့အတွက် ပွဲစားကြီးဦးဘိုးသာ (နောင်အခါ ဆာဘိုးသာ)ဟာ ဗြိတိသျှအစိုးရက ၁၉၁၇ ခုနှစ်က ကေအိုင်အိပ်ချ်ဘွဲ့၊ ၁၉၁၉ ခုနှစ်က အိုဘီအီးဘွဲ့၊ ၁၉၂၃ ခုနှစ်က စီအိုင်အီးဘွဲ့၊ ၁၉၂၇ ခုနှစ်က အမြင့်ဆုံး ဆာ(မေ)ဘွဲ့ စတဲ့ ဘွဲ့ထူးဂုဏ်ထူးတွေ ချီးမြှင့်ခြင်းခံရတယ်။ ဟိုခေတ်အခါက အစိုးရဝန်ထမ်းမဟုတ်တဲ့ မြန်မာကုန်သည်တစ်ဦးက ဒီလို ဘွဲ့တံဆိပ်ဂုဏ်ထူးတွေရတယ်ဆိုတာ ဖြစ်တောင့်ဖြစ်ခဲကိစ္စပဲ။ ဟံသာဝတီခရိုင်၊ သန်လျင်မြို့နယ်၊ ဖားကူးကျေးရွာက ဘုန်းကြီးကျောင်းမှာသာ ပညာသင်ယူလာရတဲ့ အညတရ တောပွဲစားကလေး မောင်ဘိုးသာဟာ ဗြိတိသျှလက်ထက်မှာ ကြွယ်ဝချမ်းသာပြီး တိုင်းပြည်မှာ ထင်ရှားတဲ့ ကုန်သည်ကြီး(ဆာ)ဘွဲ့ရ ဦးဘိုးသာဖြစ်လာတဲ့အတွက် ချီးကျူးစရာ၊ အံ့ဩစရာ မကောင်းဘူးလား"

"ဆာဘိုးသာရဲ့ အတိတ်ဘဝက ဘုန်းကံပါရမီလို့ ဆိုရမှာပေါ့ခင်ဗျာ"

mgyoe.com

mgyoe.com

"ဒီလိုမယူဆရဘူး မောင်ရှင်ရဲ့။ ဘုရားက ကံ၊ ဉာဏ်၊ ဝီရိယရယ်လို့ သုံးပါးဟောထားတယ်။ ကံဆိုတာမှာလည်း ရှေးအတိတ်ဘဝကကံကိုသာ ပြောလို့မဖြစ်ဘူး။ ယခုမျက်မှောက်ဘဝ ပစ္စုပ္ပန်ကံကလည်း ရှိရဦးမယ်။ ကံဟူသည် အလုပ်လို့ ဆိုထားတယ်မဟုတ်လား။ ပစ္စုပ္ပန်ကံ၊ ပစ္စုပ္ပန်အလုပ်ကို ကောင်းသောဉာဏ်၊ ကောင်းသောဝီရိယနဲ့ လုပ်ကိုင်ဖို့ လိုတယ်"

"သဘောပေါက်ပါတယ်ခင်ဗျာ"

"ကံ၊ ဉာဏ်၊ ဝီရိယတွင်မဟုတ်ဘူး။ ကာလသမ္ပတ္တိ၊ ပယောဂသမ္ပတ္တိ၊ ဉာဏသမ္ပတ္တိနှင့် ပြည့်စုံဖို့လည်း လိုသေးတယ်။ စောစောကပြောခဲ့တဲ့အတိုင်း ဆာဘိုးသာဟာ ကောင်းသောအခါကာလနှင့် ကြုံကြိုက်တယ်။ ကောင်းသောလုံ့လဝီရိယနှင့် ပြည့်စုံတယ်။ အမြော်အမြင် ဉာဏ်ပညာဗဟုသုတလည်းရှိတယ်။ အဲဒီအင်္ဂါသုံးရပ်နဲ့ ညီညွတ်လို့ အဘက်ဘက်မှာ ထိပ်တန်းက ရပ်တည်နိုင်ခဲ့တယ်လို့ မှတ်ရမယ်"

"ဟုတ်ပါတယ်။ တကယ်အားကျအတုယူဖို့ကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ"


"ဆာဘိုးသာဟာ ၁၉၃၃ ခုနှစ် ဩဂုတ်လ ၂၆ ရက်၊ အသက် ၆၇ နှစ်အရွယ်မှာ အနိစ္စရောက်တယ်။ မြန်မာနိုင်ငံ စီးပွားရေးကဏ္ဍမှာ ဆာဘိုးသာကဲ့သို့သော သားကောင်းရတနာများ ပေါ်ထွန်းနိုင်ကြပါစေလို့ ဆုတောင်းမှာပါပဲ"

*[ဤဆောင်းပါးအတွက် အကူအညီပေးကြသော ဆာဘိုးသာ၏သားအငယ် ဦးညွန့်သာ (၇၁) နှစ်နှင့် ဂန္ဓမာလာမုန့်တိုက် ဦးအောင်သာကျော်တို့ မကြာမီက ကွယ်လွန်သွားကြခြင်းအတွက် ဝမ်းနည်းပါကြောင်း။]*

□

mgyoe.com

mgyoe.com

ကျွန်တော့်ကိုခိုင်းပါ (သို့မဟုတ်)
ငွေပန်းထိမ်လုပ်ငန်းပိုင်ရှင် ဦးညီလေး

mgyoe.com

mgyoe.com


အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ
စီးပွားဖက်တွေပေါ့ခင်ဗျာ။
ဒီတော့ အလှူအတန်းကြီး တစ်ခုခုလုပ်ရင်
သူ့ရဲ့အလုပ်သမားတွေအားလုံးကို ဖိတ်ပြီး
ရေစက်ခွက်ကိုင် ရေစက်ချခိုင်းတယ်။
ဒီအလှူဟာ အလုပ်သမားတွေရဲ့
ကာယအား၊ ဉာဏအားနဲ့ရတဲ့ ပစ္စည်းတွေနဲ့
လှူတဲ့အလှူ၊ သူ့ငွေသူ့ပစ္စည်းချည်း မဟုတ်ဘူး။
သူတို့နဲ့အတူ ရှာဖွေလုပ်ကိုင်ပြီး ရတဲ့အလှူ၊
ဒါကြောင့် ဒီအလှူဟာ အလုပ်သမားတွေနဲ့လည်း
ဆိုင်တယ်ဆိုပြီး
သူနဲ့အတူ ရေစက်ချခိုင်းခြင်းပဲ...

mgyoe.com

mgyoe.com

## ကျွန်တော့်ကိုခိုင်းပါ (သို့မဟုတ်) ငွေပန်းထိမ်လုပ်ငန်းပိုင်ရှင် ဦးညီလေး

"ကျွန်တော့်ကိုခိုင်းပါ၊ စိတ်တိုင်းကျ ဖြစ်စေရပါမည်" ဟူသော စီးပွားရေးကြော်ငြာတစ်ခုကို သင့်ဘဝမဂ္ဂဇင်း၌ လစဉ်မှန်မှန် တွေ့ရ၏။ ရိုးရိုးနှင့် ထိရောက်သော ကြော်ငြာဖြစ်သဖြင့် ကြော်ငြာရှင်ဖြစ်သော "ဦးညီလေးမိသားစု" နှင့် တွေ့ဆုံမေးမြန်းလိုသောဆန္ဒ ဖြစ်ပေါ်မိသည်။ ဦးညီလေးမိသားစု၏လုပ်ငန်းမှာ ရွှေ၊ ငွေ၊ ရတနာ ရောင်းဝယ်ရေးနှင့် ပန်းထိမ်လုပ်ငန်းဖြစ်သည်။ တည်ရာဌာနမှာ ၄၅ဝ၊ သိမ်ဖြူလမ်းနှင့် အမှတ် ၆၂၊ ဗဟိုရုံ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်တို့ဖြစ်၏။

စာရေးသူနှင့် ဦးညီလေးတို့မှာ ဘာသာရေး ဓမ္မရေးရာတို့နှင့် ပတ်သက်၍ ခင်မင်သော 'ဓမ္မမိတ်ဆွေ' များဖြစ်ကြသည်။ စီးပွားရေးနှင့် ပတ်သက်သော ဓနမိတ်ဆွေများ မဟုတ်ကြပါ။ သို့သော် ဦးညီလေး၏ စီးပွားရေးနှင့် ကြီးပွားရေးတို့မှာ စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ဘောက်ထော် စွန်းလွန်းဂူကျောင်းလမ်း အမှတ်(၁)ရှိ ဦးညီလေး၏နေအိမ်နှင့် အလုပ်ရုံသို့ အလည်အပတ်ရောက်သည့်အခိုက် ဤသို့ စကားစပ်စုမိသည်။

mgyoe.com

mgyoe.com


"ဦးညီလေးရဲ့ ပဓာနလုပ်ငန်းကတော့ ငွေပန်းထိမ်ပါပဲ"

"ကျွန်တော်က စစ်ကိုင်း၊ ရွာထောင်ရွာဇာတိဖြစ်တော့ ငွေပန်းထိမ်လုပ်ငန်းဟာ မိဘဘိုးဘွားရဲ့ အမွေအနှစ်ပါပဲ"

"ငွေထည်လုပ်ငန်းနဲ့ပတ်သက်လို့ ရွာထောင်ဟာ မြန်မာပြည်မှာ ထင်ရှားကျော်ကြားတဲ့ ဌာနကြီးတစ်ခုပဲလို့ ကျွန်တော်ထင်ပါတယ်"

"ဟုတ်ပါတယ်။ စစ်ကိုင်းမြို့နဲ့ နှစ်မိုင်လောက်ပဲဝေးပါတယ်။ စစ်ကိုင်းကောင်းမှုတော်ဘုရားကြီးဟာ စေတီတော်ပုံသဏ္ဌာန် ထူးခြားတဲ့အတွက် နိုင်ငံခြားသားများပါ သိနေကြသလို ကောင်းမှုတော်ဘုရားကြီးနဲ့ တစ်ဆက်တည်းဖြစ်နေတဲ့ ရွာထောင်ရွာဟာလည်း ငွေထည်လက်ရာကောင်းတွေ ထွက်တဲ့ဌာနပဲလို့ ပြည်တွင်းပြည်ပ သိနေကြပါတယ်"

"ရွာထောင်တစ်ရွာလုံးဟာ ငွေထည်လုပ်ငန်းချည်း လုပ်ကြတာပဲလား"

"အဓိကလုပ်ငန်းကတော့ ငွေထည်ပေါ့ခင်ဗျာ။ ကျွန်တော့်ဖခင် ဦးစံဖြူးဆိုတာ ငွေပန်းထိမ်မှာ နာမည်ရသလို ကျွန်တော့်အဘိုး ဦးထုံးဆိုတာက ကြေးထည်ဘက်မှာ နာမည်ရပါတယ်။ ကြေးကွမ်းအစ်၊ ကြေးသပိတ်ဖုံး စတဲ့ အသုံးအဆောင်ပစ္စည်းတွေပေါ့ခင်ဗျာ"

"ငွေထည်လောကမှာ ဦးညီလေး ထင်ရှားပေါ်လွင်လာပုံကို အကြမ်းဖျင်းလောက် ပြောမပြနိုင်ဘူးလား"

"ကျွန်တော်ဟာ ရွာထောင်မှာ ၁၄ နှစ်သားအရွယ်ကစပြီး ငွေပန်းထိမ်အတတ်ကို သင်ကြားတတ်မြောက်ပြီး ဖခင်ကြီးရဲ့ ဦးဆောင်မှုအောက်မှာ ညီအစ်ကိုမောင်နှမတစ်စုနဲ့ ငွေထည်လုပ်ငန်းကို တွဲဖက်လုပ်ကိုင်ခဲ့ကြပါတယ်။ လူလားမြောက်လို့ ကြီးပြင်းလာတဲ့အခါ ဖခင်ကြီးနဲ့အတူ အောက်မြို့အောက်ရွာတွေဆင်းပြီး ရွာထောင်ထွက် ငွေထည်တွေကို ရောင်းတယ်။ ကုန်ကြမ်းဖြစ်တဲ့ ငွေဒင်္ဂါး၊ အထည်ပျက်တွေ၊ ဘော်

mgyoe.com

mgyoe.com


စတဲ့ပစ္စည်းတွေကို ဝယ်ပါတယ်"

"ဒီတော့ ဦးညီလေးက ငွေပန်းထိမ်အတတ်ပညာရော၊ ငွေထည်အရောင်းအဝယ်ပညာရော တတ်ကျွမ်းသွားတာပေါ့"

"ဟုတ်ပါတယ်ခင်ဗျာ။ ဖခင်ကြီးရဲ့ကျေးဇူးတွေပေါ့"

"ဦးညီလေး ရန်ကုန်ကို ရောက်လာပုံကကော"

"ဒီလိုပါ ကျွန်တော် အသက် ၂၈ နှစ်အရွယ်မှာ ဖခင်ကြီးဟာ ရွာထောင်မှာ အနိစ္စရောက်ပါတယ်။ အနိစ္စရောက်ပြီး နောက်တစ်နှစ်မှာ ဇနီးသည် မအုန်းကြည်နဲ့အတူ ကလေးသုံးယောက်ပါခေါ်ပြီး ရန်ကုန်ကို ပြောင်းရွှေ့လာကြပါတယ်။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကား ရှိတယ်မဟုတ်လား။ တောရွာမှာနေတာထက် မြို့ကြီးပြကြီးမှာ နေတာက ကြီးပွားတိုးတက်နိုင်တယ်လို့ ကျွန်တော် ယုံကြည်ချက်ရှိပါတယ်"

"ဟုတ်တာပေါ့။ ရေကြည်ရာမြက်နုရာဆိုသလို မိမိကြီးပွားနိုင်မယ့်နေရာကို ရှာကြရတာပဲ"

"ကျွန်တော်တို့မိသားစု ရန်ကုန်ကို ပြောင်းရွှေ့လာတော့ ငွေအရင်းအနှီးက နှစ်ထောင်ကျော်ကျော်လောက်ပဲ ပါပါတယ်။ ကြည့်မြင်တိုင်၊ စကားဝါလမ်းမှာ အခနည်းနည်းနဲ့ အိမ်ကလေးတစ်လုံး ငှားရမ်းနေထိုင်ပြီး ငွေထည်အရောင်းအဝယ်လုပ်ငန်းကို ခပ်ကျဉ်းကျဉ်းပဲ လုပ်ရပါတယ်။ ပစ္စည်းကိုတော့ ရွာထောင်ကပဲ မှာယူရပါတယ်"

"ကြည့်မြင်တိုင်ဆိုတော့ အရောင်းအဝယ်နည်းမှာပေါ့"

"ဟုတ်ပါတယ်။ ပထမ ကြည့်မြင်တိုင်ကနေ ရွှေ့ပြောင်းပြီး မြို့လယ်ဖြစ်တဲ့ ဆူးလေဘုရားအဝိုင်းကြီးမှာ ဆိုင်ခန်းတစ်ခန်းယူပြီး ဖွင့်ပါတယ်။ ဒီနောက် ဆူးလေအဝိုင်းကနေပြီး မိုလ်ချုပ်ဈေးရောက်တော့ အရောင်းအဝယ်လုပ်ငန်းဟာ ကျယ်ပြန့်လာပါတယ်။ ရွှေထည်လုပ်ငန်း

mgyoe.com

mgyoe.com


ကိုပါ တိုးချဲ့ပြီးလုပ်ပါတယ်"

"အလုပ်ရုံကကော ဘယ်မှာလဲ"

"သိမ်ဖြူလမ်း သိမ်ဖြူဈေးအနီး တိုက်အမှတ် ၄၅၀ မှာ ငွေပန်းထိမ်၊ ရွှေပန်းထိမ်လုပ်ငန်းတွေလုပ်ပါတယ်။ ဘောက်ထော်၊ စွန်းလွန်းဂူကျောင်းလမ်းမှာလည်း အလုပ်ရုံရှိပါတယ်"

"လုပ်ငန်းနဲ့ပတ်သက်ပြီး အဆက်အသွယ်ရထားတဲ့ ပုဂ္ဂိုလ်တွေကော ရှိပါသလား"

"ဂေါ်ဒဝင်လမ်း အမှတ်–၁၃၃ မှာ-ဆရာအုန်းဆိုတာ ရှိပါတယ်။ ကျွန်တော့်ရဲ့ဆရာလည်းဖြစ်တယ်။ ကျေးဇူးရှင်လည်းဖြစ်ပါတယ်။ ဆရာအုန်းမှာ ငွေထည်ပန်းပု အလုပ်ရုံရှိတယ်။ အရောင်းဆိုင်လည်းရှိတယ်။ ငွေထည်လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းမှာ ဆရာအုန်းထံမှ အကူအညီ အထောက်အပံ့များစွာ ရပါတယ်။ အဲဒီနောက်မှာ မြန်မာဆိုင်ကြီးများ၊ အစိုးရဌာနများ၊ သံတမန်ကုန်တိုက်ကြီးများနဲ့ အဆက်အသွယ်ရပြီး လုပ်ငန်းတိုးတက်လာပါတယ်။ နာမည်လည်းရလာပါတယ်"

"ငွေထည်ရွှေထည်လုပ်ငန်းအပြင် အခြားလုပ်ငန်းတွေကော ရှိပါသေးသလား"

"မော်တော်ကား အင်ဂျင်စက်တွေမှာသုံးတဲ့ ဂတ်စကတ်ပြားတွေလည်းလုပ်ပါတယ်။ ကြေးနီကို အရည်ကျို ပုံသွင်း အပြားခတ်ပြီးလုပ်ရတဲ့အလုပ်ပါပဲ။ နောက်လုပ်ငန်းတစ်ခုကတော့ မြန်မာဆေး ဖော်စပ်ရောင်းချတဲ့ အလုပ်ပါပဲ။ သွေးဆေး၊ အဖျားဖြတ်ဆေး၊ ဝမ်းနုတ်ဆေးနဲ့ အစာကြေဆေးပါပဲ။ ဘောက်ထော်ခြံအတွင်းမှာ ဆေးကုသခန်းတစ်ခု ဖွင့်ထားပါတယ်။ အထူးကုသမားတော်ကြီးများ ထားရှိပါတယ်"

"ဒီလုပ်ငန်းတွေကို ဘယ်လို စီမံအုပ်ချုပ်ပါသလဲ'

"အလုပ်ကို ဆက်လက်ထိန်းသိမ်းသွားနိုင်အောင်ဆိုပြီး သားသမီး

mgyoe.com

mgyoe.com


တွေကိုခွဲဝေပြီး တာဝန်ပေးထားပါတယ်။ သားကြီး မောင်မင်းအောင်က ဗိုလ်ချုပ်ဈေး ရွှေထည်လုပ်ငန်း၊ မောင်အောင်ကျော်စိုးက သိမ်ဖြူလမ်း၊ ငွေထည်လုပ်ငန်း၊ မမြင့်မြင့်၊ မညိုဝင်းတို့က ဗိုလ်ချုပ်ဈေးရွှေဆိုင်၊ ဒေါက်တာ မောင်ခင်ဝင်းက ဆေးကုသခန်းနှင့် အလုပ်ရုံကို တာဝန်ယူ လုပ်ကိုင်ကြရပါတယ်"

"ကောင်းမွန်တဲ့နည်းပဲပေါ့ဗျာ။ ကျွန်တော်တို့လူမျိုးမှာ မိဘရဲ့လုပ်ငန်းကို ဆက်ခံလုပ်ကိုင်သွားနိုင်တဲ့လူ ရှားတယ်။ ဦးညီလေးတို့လို သားစဉ်မြေးဆက် လုပ်ကိုင်သွားနိုင်အောင်၊ ကြီးပွားအောင် ကြိုတင်စီမံထားဖို့ လိုအပ်ပါတယ်။ အရောင်းအဝယ်သမားများ၊ အလုပ်အပ်သူများနဲ့ ဆက်ဆံရေး၊ မိမိရဲ့ အလုပ်သမားများနဲ့ ဆက်ဆံရေး နည်းကောင်း၊ လမ်းကောင်းကလေးများရှိရင်လည်း သိပါရစေလားခင်ဗျာ"

"ပြင်ပပုဂ္ဂိုလ်များနဲ့ ဆက်ဆံရာမှာ လေးစားမှုနဲ့ ဂါရဝတရားရှိဖို့ လိုပါတယ်ခင်ဗျာ။ ဒီနောက်တော့ သစ္စာရှိဖို့၊ ရိုးသားဖြောင့်မတ်ဖို့၊ ကတိတည်ကြည်ဖို့ပေါ့ခင်ဗျာ"

"ဦးညီလေးရဲ့ကြော်ငြာမှာ 'ကျွန်တော့်ကိုခိုင်းပါ။ စိတ်တိုင်းကျဖြစ်စေရမယ်' လို့ ဖော်ပြထားတဲ့အတိုင်း နိဝါတနိ မာနတရားရှိရမယ်၊ ဆက်ဆံသူ ကျေနပ်မှုရှိစေရမယ်ပေါ့ခင်ဗျာ"

"ဟုတ်ပါတယ်။ နောက်တစ်ချက်ကတော့ အလုပ်သမားများဆက်ဆံရေးပါပဲ။ ကျွန်တော့်ရဲ့အတွေ့အကြုံကို နည်းနည်း ပြောပြချင်ပါတယ်။ ဆရာသမားများဖြစ်တဲ့ လမ်းမတော်သံဈေးက ဆရာအုန်းရဲ့နည်းပါပဲ။ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ စီးပွားဖက်တွေပေါ့ခင်ဗျာ။ ဒီတော့ အလှူအတန်းကြီးတစ်ခုခုလုပ်ရင် သူ့ရဲ့အလုပ်သမားတွေ အားလုံးကိုဖိတ်ပြီး ရေစက်ခွက်ကိုင် ရေစက်ချခိုင်းတယ်။ ဒီအလှူဟာ အလုပ်သမားတွေရဲ့ ကာယအား၊ ဉာဏအားနဲ့ရတဲ့ ပစ္စည်းတွေနဲ့ လှူတဲ့အလှူ။

mgyoe.com

mgyoe.com

သူ့ငွေ၊ သူ့ပစ္စည်းချည်းမဟုတ်ဘူး။ သူတို့နဲ့အတူ ရှာဖွေလုပ်ကိုင်ပြီး ရတဲ့အလှူ၊ ဒါကြောင့် ဒီအလှူဟာ အလုပ်သမားတွေနဲ့လည်း ဆိုင်တယ် ဆိုပြီး သူနဲ့အတူ ရေစက်ချခိုင်းခြင်းပဲခင်ဗျာ"

"အလုပ်ရှင်နဲ့ အလုပ်သမား ခွဲခြားမှုမရှိဘဲ ဆိုးအတူကောင်းအမျှ မိသားစုစိတ်ဓာတ် မွေးမြူခြင်းသဘောပေါ့။ သာဓုခေါ်ပါတယ်"

"နောက်တစ်ခုကတော့ အလုပ်သမားအပေါ် ညှာတာထောက်ထားခြင်းပဲ။ အလုပ်သမားတစ်ယောက်ဟာ စားဝတ်နေရေး အခက်အခဲကြောင့် အလုပ်ရှင်ထံမှ သူ့လုပ်ခငွေကြေးကို ကြိုတင်တောင်းယူပြီး သုံးစွဲတယ်။ များလာတော့ ပြန်မဆပ်နိုင်ဘူး။ ထပ်တောင်းဖို့လည်းမလွယ်ဘူး။ ဒီတော့ အလုပ်ကို မလာတော့ဘဲ ရှောင်နေပြီး တခြားမှာသွားလုပ်တယ်။ ဒီတော့ ကျွန်တော်က သူတို့ကို တွေ့အောင်ရှာပြီး အလုပ်ပြန်ဆင်းစေတယ်။ သူယူထားသမျှငွေတွေကိုလည်း မတောင်းတော့ဘဲ လျှော်ပစ်လိုက်တယ်။ ဒီလို သူ့အပေါ်မှာ ညှာတာကြောင်း၊ ခွင့်လွှတ်ကြောင်းသိတော့ သူဟာ အလုပ်ကို ပိုပြီး ဝီရိယစိုက်ထုတ်လုပ်လာတယ်။ ကျွန်တော့်အဖို့ကတော့ ကျွမ်းကျင်ပြီးသား အလုပ်သမား မဆုံးရှုံးဘူးပေါ့ခင်ဗျာ။ ထုတ်ပစ်ပြီး လူသစ်တစ်ယောက်ကို အစားထိုးခန့်တာထက် ပိုပြီး အကျိုးများပါတယ်"

"ဟုတ်တယ်ဗျို့။ အဲဒါလည်း မှတ်သားစရာ နည်းတစ်ရပ်ပဲ"

"နောက်ပြီး အလုပ်အပ်သူအပေါ် သစ္စာတရားရှိဖို့၊ မှန်ကန်တာ လုပ်ဖို့ပါပဲ။ တစ်နေ့မှာ အလုပ်အပ်သူတစ်ဦးက သူ့မှာရှိတဲ့ ရှေးဟောင်းဒင်္ဂါးတွေကို ငွေဖလား၊ ငွေညောင်ရေအိုးလုပ်ပေးဖို့ လာအပ်တယ်။ ဘုရားမှာလှူဖို့ပဲပေါ့ခင်ဗျာ။ ဆိုင်မှာ အလုပ်လက်ခံတဲ့လူနဲ့ အလုပ်သမားအကြီးအကဲက အလုပ်ရှင်အပ်တဲ့ ငွေဒင်္ဂါးတွေကိုမသုံးဘဲ အခြားဘော့ငွေတွေကို အရည်ကျိုပြီး အသုံးပြုဖို့စီစဉ်တယ်။ ငွေဒင်္ဂါးတွေကိုရှောင်း

mgyoe.com

mgyoe.com


လိုက်ရင် အမြတ်ငွေ တစ်ထောင့်ငါးရာလောက် ပိုပြီးရမှာကိုး။ အဲဒါကို ကျွန်တော်ကသိတော့ အလုပ်ရှင်ပေးအပ်တဲ့ ရှေးဒင်္ဂါးတွေကို အရည်ကျို စေပြီး လုပ်ခိုင်းတယ်။ ဒီတော့ ဦးညီလေးဟာ သိပ်အ,တယ်၊ န,တယ် ပေါ့။ ကိုယ့်လက်ထဲဝင်လာတဲ့ အမြတ်ငွေတွေကို အကျိုးမရှိဘဲ လက် လွှတ်လိုက်ရတယ်ဆိုပြီး ကွယ်ရာကနေပြီး ပြစ်တင်ဝေဖန်ကြတယ်။ ဒီ တော့ ဆိုင်တာဝန်ခံနဲ့ အလုပ်သမားခေါင်းဆောင်ကိုခေါ်ပြီး မဟုတ်မမှန် တဲ့အလုပ်ဆိုတာ ဘုရားမကြိုက်တဲ့အလုပ်၊ ဘုရားမကြိုက်တဲ့အလုပ်ကို လုပ်ရင် တစ်နေ့နေ့မှာ အကျိုးမဲ့ဖြစ်တတ်တယ်လို့ သတိပေးဆုံးမရတယ်"

"ဒါကြောင့် အဖိုးတန်ပစ္စည်းတွေ ဦးညီလေးမိသားစုထံအပ်လျှင် စိတ်ချယုံကြည်ရတယ်လို့ နာမည်ထွက်တာပေါ့"

"နောက်တစ်ခုကတော့ အလုပ်ကို ရိုသေလေးစားမှုပါပဲ။ ခေတ် ပျက်တုန်းက ရွာထောင်မှာ အလုပ်အကိုင်ရှားပါးတော့ ဆံပင်ညှပ်ဆိုင် ကလေးတစ်ဆိုင်ဖွင့်တယ်။ ကိုယ်တိုင်ညှပ်ပါတယ်။ အခါကောင်းလာ တော့ ဆံပင်ညှပ်ဆိုင်ကိုပိတ်ပြီး ငွေထည်လုပ်ငန်းကို ပြန်ပြီးကိုင်ပါတယ်။ ဆံပင်ညှပ်ဆိုင်ကို ပိတ်လိုက်ရပေမယ့် ဒီဆံပင်ညှပ်ဆိုင်နဲ့ ထမင်းတစ်လုတ် စားခဲ့ရတာပဲဆိုပြီး ကိုယ်ကိုင်တွယ်ခဲ့တဲ့ ဆံပင်ညှပ်ပစ္စည်းကိရိယာတွေကို တရိုတသေ သိမ်းထားခဲ့ပါတယ်။ သဘောကတော့ အလုပ်ဟာ ကြီး တယ်၊ သေးတယ် မဟုတ်ပါဘူး။ ကိုယ့်အလုပ်၊ ကိုယ့်ပစ္စည်းကို ရိုရိုသေ သေ လေးလေးစားစားရှိဖို့ပါပဲ။ ဒါမှသာလျှင် ကြီးပွားနိုင်မယ်မဟုတ် လားခင်ဗျာ"

ဟု ဦးညီလေးက ပြောသည်။

ဦးညီလေးသည် အပြောသမားမဟုတ်။ လက်တွေ့သမား ဖြစ် သည်။ အောက်သက်ကျေခဲ့သူဖြစ်သည်။ သစ္စာ၊ ဓမ္မ၊ ဝီရိယနှင့် စာဂ ဟူသည် ရန်သူအောင်မှု၊ ကြောင်းလေးခု ဟူသော လမ်းစဉ်အတိုင်း

mgyoe.com

mgyoe.com


လိုက်ခဲ့သူဖြစ်သဖြင့် ယခုအခါ၌ အသက် ၆၂ နှစ်ရှိနေပြီဖြစ်သော ဦးညိုလေးသည် အောင်မြင်နေသော စီးပွားရေးကို သားသမီးများအား လွှဲအပ်ပေးလျက် ပါရမီဖြည့်ဘက်ဖြစ်သော ဇနီး ဒေါ်အုန်းကြည်နှင့်အတူ တရားဓမ္မဘက်သို့ကူးပြောင်းကာ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့၌ ပျော်မွေ့လျက်ရှိကြသည်။ လောကီအကျိုး၊ လောကုတ္တရာအကျိုးတို့ကို ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ကြပါစေသတည်း။

□

mgyoe.com

mgyoe.com

## စီးပွားရေးအောင်မြင်မှုအတွက် ဇွဲ၊ လုံ့လနှင့် စွန့်စားကြိုးစားမှု အရေးကြီးသည် (သို့မဟုတ်) ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိတက်

"ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေဟာ အများအားဖြင့် တာရှည်မခံဘူး။ ကောက်ရိုးမီးလိုပဲ ဝုန်းခနဲထတောက်ပြီး ငြိမ်းသွားလေ့ရှိပါတယ်" ဟု ဝေဖန်ပြောကြားသံကို ကြားရဖူးသည်။ မှန်၏။ အများစုပေါင်း၍လုပ်ရသော လုပ်ငန်းအဖွဲ့အစည်းများသည် အကြောင်းအမျိုးမျိုးကြောင့် မညီညွတ်မှုကြောင့် ပျက်စီးပျောက်ကွယ်သွားတတ်သည်။ ဤအကြောင်းကို ဝါရင့်စီးပွားရေးသမား မိတ်ဆွေတစ်ဦးနှင့် တွေ့ဆုံဆွေးနွေးမိ၏။ မိတ်ဆွေက ဤသို့ဆိုပါသည်။

"စီးပွားရေးအလုပ်မှာ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးရှိပါတယ်။ ဝီရိယရှိသော်လည်း ကံမလိုက်ရင် အောင်မြင်မှုမရတတ်ပါဘူး။ သို့သော် ကံဆိုတာက မြင်ရတာမဟုတ်ဘူး။ အဓိကကတော့ ဝီရိယပါပဲ။ ဒီနှစ်ပါးပြည့်စုံရင် အောင်မြင်တဲ့ဘက်က ရာနှုန်းများပါတယ်။ ရိုးသားမှုနဲ့ ကြိုးစားမှုလည်းပါသပေါ့"

"မှန်ပါတယ်"

mgyoe.com

mgyoe.com


"စီးပွားရေးမှာ ပုဂ္ဂလိက (သို့မဟုတ်) မိသားစုစီးပွားရေးနဲ့ အများစုပေါင်းလုပ်ကိုင်တဲ့ စီးပွားရေးရယ်လို့ နှစ်မျိုးနှစ်စားရှိတယ်။ ပုဂ္ဂလိက မိသားစုဆိုတာက ပရိုက်ဗိတ်(Private)ဖြစ်ပြီး သမဝါယမတို့လို အများဆိုင်တဲ့ လုပ်ငန်းမျိုးကတော့ ပတ်ဗလစ်(Public)ကုမ္ပဏီလို့ ယေဘုယျအားဖြင့်ခေါ်ပါတယ်။ ယခုတင်ပြနေတာက အများပိုင်ကုမ္ပဏီလီမိတက်လုပ်ငန်းတွေဟာ တည်တံ့ခိုင်မြဲမှု မရှိတတ်ဘူး။ ပျက်ပြားသွားလေ့ရှိတယ်ဆိုတဲ့ ကိစ္စပဲမဟုတ်လား"

"ဟုတ်ပါတယ်။ ဝံသာနုခေတ်က အမျိုးသားစိတ်နဲ့ အစုစပ်ကုမ္ပဏီတွေ အများအပြား တည်ထောင်ကြတာ ကျွန်တော်တို့ တွေ့ခဲ့ရဖူးပါတယ်။ ဒါပေမဲ့ ရေရှည်မခံဘူး။ ဖြစ်ပြီးပျက်တာက များပါတယ်"

"အခြေခံကောင်းဖို့ ဖွဲ့သတ္တိရှိဖို့လိုနေတာ ဖြစ်ပါလိမ့်မယ်။ အချိန်ရမယ်ဆိုရင် မြန်မာ့စီးပွားရေးလောကမှာ ၄၇ နှစ်တိုင်တိုင် သက်တမ်းရှည်တဲ့ 'ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိတက်' အကြောင်း အကျဉ်းလောက် ပြောပြချင်ပါတယ်"

"ကောင်းပါတယ်ခင်ဗျာ။ မြန်မာတွေ စီးပွားရေးထူထောင်ရတဲ့ အချိန်အခါမှာ လူငယ်တွေ အတုယူဖို့ နည်းယူဖို့လိုပါတယ်"

"၁၉၁၄ ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ဖြစ်လာတော့ ဗြိတိသျှအစိုးရကတို့ဗမာအစည်းအရုံးဝင် သခင်တွေကို ဖမ်းဆီးပြီး ထောင်ချတယ်။ ထားဝယ်က သခင်ခေါင်းဆောင် ၂၁ ဦးကို ထားဝယ်၊ ပုသိမ်နဲ့ ရွှေဘိုထောင်တွေပို့ပြီး ချုပ်နှောင်ထားတယ်။ ၁၉၄၂ ခုနှစ်မှာ ဘီအိုင်အေတပ်မတော်ဟာ ရွှေဘိုကိုရောက်လာတော့ ထားဝယ်က သခင်ခေါင်းဆောင်တွေဟာ လွတ်လာတယ်။ အဲဒီအထဲမှာ သခင်စံဝင်း၊ သခင်ဖိုးလှနဲ့ သခင်လွန်းဆော်တို့ဟာ ဦးစီးခေါင်းဆောင်တွေပါပဲ။ သုံးထောင်စံ သခင်တွေလို့လည်း ခေါ်ကြပါတယ်။ ရွှေဘိုထောင်ကလွတ်လာပြီး ထားဝယ်ကို

mgyoe.com

mgyoe.com


ပြန်ရောက်လို့ ခုနစ်ရက်အကြာမှာ အင်္ဂလိပ်ခေတ်က လူမျိုးခြားတွေ လက်ဝါးကြီးအုပ်ထားတဲ့ ဗမာ့စီးပွားရေးကို ဗမာတွေ ပြန်ကိုင်ရမယ်ဆိုပြီး သခင်စံဝင်း၊ သခင်ဖိုးမှဲ့၊ သခင်လွန်းဘော် အစရှိတဲ့ ရဲဘော်တွေက ခေါင်းဆောင်ပြီး 'ဗမာ့ကူးသန်းရောင်းဝယ်ရေးအဖွဲ့' အမည်နဲ့ ကုမ္ပဏီ တစ်ခု စတင်ဖွဲ့စည်းထူထောင်ကြတယ်။ ၁၉၄၂ ခုနှစ် ဇွန်လ ၂၁ ရက် နေ့မှာဖြစ်ပါတယ်"

"စစ်အတွင်းဆိုတော့ အရောင်းအဝယ်လုပ်ငန်းတွေ ပျက်နေတဲ့ အချိန်၊ ခေတ်ပျက်ကာလပျက်ကြီးထဲမှာ စွန့်စွန့်စားစား လုပ်ကြရမှာပေါ့"

"ဟုတ်ပါတယ်။ စတင်တည်ထောင်သူများက ဒီလုပ်ငန်းဟာ နိုင်ငံ ရေးအမြော်အမြင်နဲ့ မျိုးချစ်စိတ်ဓာတ်တို့က ပေါက်ဖွားလာပြီး တို့ဗမာ အစည်းအရုံးကြီးက မွေးထုတ်လိုက်တဲ့ စီးပွားရေးလုပ်ငန်းအဖွဲ့ကြီးဖြစ် တယ်။ ကိုယ်ကျိုးကိုမကြည့်၊ တိုင်းပြည်နဲ့ အများအကျိုးကိုသာ ကြည့် မယ်။ ကုန်ပစ္စည်းများကို အသက်သာဆုံးဈေးနှုန်းနဲ့ ရောင်းချဖြန့်ဖြူးမယ် ဆိုတဲ့ စီးပွားရေးပေါ်လစီဝါဒကို ချမှတ်ကြပါတယ်"

"ကောင်းပါတယ်ခင်ဗျာ။ အများပြည်သူလူထု သက်သာချောင်ချိ ရေးပေါ့"

"အစုတစ်စုလျှင် ၁၀ ကျပ်နှုန်းနဲ့ မတည်ရင်းနှီးငွေ ကျပ် ငါးသိန်း ထားပြီး တည်ထောင်ကြပါတယ်"

"ဂျပန်ခေတ်ကဆိုတော့ ဂျပန်ငွေပေါ့"

"ဟုတ်ပါတယ်။ ထောင်မလဲ သဲကော်ဆိုတဲ့ ငွေစက္ကူတွေပေါ့။ တစ်စုကို တစ်ဆယ်ကျပ်ဆိုပေမယ့် ပထမအရစ်မှာ ငါးကျပ်၊ ဒုတိယနဲ့ တတိယအရစ်ကျတော့ ၂ ကျပ် ၅၀ ပြားစီခွဲပြီး ထည့်နိုင်တယ်။ ဆင်းရဲ သားလူတန်းစားတွေလည်း ပါနိုင်တာပေါ့ခင်ဗျာ။ ပထမရှစ်လမှာ အစု ပါဝင်သူ ၁၇၀၀၊ အစုပေါင်းက ၆၈၅၁ စု၊ ပေးသွင်းငွေက ၃၅၀၅၀

mgyoe.com

mgyoe.com


ကျပ်ဖြစ်လာတယ်။ အဲဒီလိုကစပြီး ၁၀ နှစ်ကာလအတွင်းမှာ အစုဝင်ငွေ ငါးသိန်းကျပ်အထိ တိုးတက်လာပါတယ်"

"ဝမ်းမြောက်စရာပါပဲ"

"ပါဝင်ဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်တွေကလည်း အဲဒီအခါတုန်းက အသက် ၃၀ ပတ်ဝန်းကျင်ရှိတဲ့ မျိုးချစ်လူငယ်တွေပါပဲ။ ၁၉၄၂ ခုနှစ်မှာ အစုစပ်ကုမ္ပဏီဖွဲ့စည်းပြီး ၁၉၄၃ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလထဲမှာ ကုမ္ပဏီများ မှတ်ပုံတင်ရုံးမှာ ပထမဆုံး တရားဝင်မှတ်ပုံတင်ကြတယ်။ ဂျပန်ခေတ် ဒေါက်တာဘမော်အစိုးရ လက်ထက်မှာပေါ့ခင်ဗျာ"

"ခေတ်ပျက်ကြီးထဲမှာပေါ့"

"ဟုတ်ပါတယ်။ တရားဥပဒေဘောင်ဝင်အောင် စွန့်စားပြီး လုပ်ရတာပါ။ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁/၁၉၄၃–၄၄ ပါပဲ။ ဂျပန်ထွက်လို့ အင်္ဂလိပ်အစိုးရ ပြန်ဝင်လာတော့ ၁၉၄၇ ခုနှစ် ဇန်နဝါရီလမှာ မှတ်ပုံတင် ကိစ္စကို ပြန်လည်လျှောက်ထားတယ်။ ဂျပန်ခေတ် ကုမ္ပဏီမှတ်ပုံတင် လက်မှတ်ကိုပဲ ဆိုင်ရာက လက်ခံအတည်ပြုပေးပါတယ်။ ခေတ်အဆက် ဆက် ပြောင်းလာသော်လည်း ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိ တက်ရဲ့ ကုမ္ပဏီများမှတ်ပုံတင်နံပါတ်ဟာ နံပါတ်နေရာမှာပဲ ယနေ့အထိ ရှိနေပါတယ်။ ဒါပေမဲ့ ကုမ္ပဏီအဟောင်းရောအသစ်ပါ အားလုံးပဲ ပြန် လည်မှတ်ပုံတင်ရမယ်ဆိုတဲ့ အမိန့်အရ ကုမ္ပဏီရဲ့ လက်ရှိမှတ်ပုံတင် အမှတ်ကတော့ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ၁၄/ ၁၉၈၈–၈၉ ဖြစ်ပါတယ်"

"ကုမ္ပဏီမပျက်စေရဘူးဆိုတဲ့ ဖွဲ့သတ္တိပေါ့"

"မှန်ပါတယ်။ ဒါပေမဲ့ ကောင်းတစ်လှည့်၊ ဆိုးတစ်လှည့်နဲ့ လောကဓံကို ကြံ့ကြံ့ခိုင်ခိုင်နဲ့ ရင်ဆိုင်ခဲ့ရပါတယ်"

"ဒါပေါ့လေ။ ပန်းခင်းတဲ့လမ်းရော ဆူးခင်းတဲ့လမ်းရော ဖြတ်

mgyoe.com

mgyoe.com


ကျော်ခဲ့ရမှာပေါ့"

"ဂျပန်ခေတ်တုန်းက အရောင်းအဝယ် မည်မည်ရရမရှိဘူး။ ဂျပန်ကုန်စည် ဖြန့်ဖြူးရေးဌာနမှ ဆားဖြန့်ဖြူးရေး ကိုယ်စားလှယ်လုပ်ငန်း၊ အင်–ဘီ–ကေကုမ္ပဏီမှာ ပိုက်ဆံပင်ကို ကြိုးကျစ်ပြီး ပေးသွင်းရတဲ့လုပ်ငန်း၊ ဆပ်ပြာချက်လုပ်ငန်းနဲ့ ဆပ်ပြာ၊ မီးခြစ်၊ သကြား စတဲ့ ကုန်ပစ္စည်းသုံးမျိုးကို ထားဝယ်တစ်ခရိုင်လုံးမှာ ဖြန့်ဖြူးရောင်းချခွင့်လုပ်ငန်းတွေကို လုပ်ခဲ့ရပါတယ်။ ၁၉၄၃ ခုနှစ် နှစ်ဦးပိုင်းလောက်မှာပေါ့ခင်ဗျာ"

"ကာလဒေသအလျောက် အလုပ်ဖြစ်အောင် လုပ်ရတာပေါ့လေ"

"၁၉၄၄ ခုနှစ် မေလလောက်မှာ ဆန်စပါးလုပ်ငန်းကို စပြီးလုပ်ပါတယ်။ ကောက်ညှင်းစပါးတင်းရေ ၁၆၀၀ ခန့်ကို ဝယ်တယ်။ အဲဒီခေတ်မှာ ကောက်ညှင်းစပါးတစ်တင်းကို နှစ်ကျပ်နဲ့ ပြားငါးဆယ်လောက်ပဲပေးရပါတယ်။ ၁၉၄၅ ခု နှစ်ဆန်းလောက်မှာ ထားဝယ် ညောင်ဇင်ရွာက ဆန်စက်ငယ်တစ်လုံးကိုဝယ်တယ်။ ဂျပန်ငွေနဲ့ ၂၀၀၀ဝိ ပေးရပါတယ်။ တစ်နေ့မှာ တင်းသုံးတင်းဝင်အိတ် ၃၅ အိတ်လောက် ကြိတ်ခွဲနိုင်ပါတယ်"

"ကုမ္ပဏီအတွက် မည်မည်ရရလုပ်ငန်းတစ်ခုတော့ ရှိလာတာပေါ့"

"ဟုတ်ပါတယ်။ ၁၉၄၅ ခု၊ မတ်လ ၂၇ ရက်နေ့မှာ တော်လှန်ရေးစပါတယ်။ အဲဒီနှစ် စက်တင်ဘာလ ၁၃ ရက်နေ့ ထားဝယ်မှာ ဂျပန်တွေ လက်နက်ချပွဲ ကျင်းပပါတယ်။ အဲဒီနေ့မှာပဲ ဂျပန်ငွေ တန်ဖိုးမရှိလို့ အင်္ဂလိပ်က ကြေညာတယ်။ အဲဒီတော့ ကုမ္ပဏီပိုင် ဂျပန်ငွေတွေကို အင်္ဂလိပ်ငွေဖြစ်အောင် လုပ်ရပြန်တယ်"

"ဒုက္ခပဲပေါ့ခင်ဗျာ"

"ဂျပန်ငွေ ၂၀၀၀ဝိ ကို အင်္ဂလိပ်ငွေ ၁ဝိ ပဲရတယ်။ လဲလှယ်လို့မဖြစ်တဲ့ ဂျပန်ငွေတွေကတော့ တန်ဖိုးမရှိ ဖြစ်သွားတာပေါ့။ နောက်ဆုံးတော့

mgyoe.com

mgyoe.com


လက်ဝယ်ရှိနေတဲ့ ကုန်ပစ္စည်းနဲ့ ညောင်ဇင်ရွာက ဆန်စက်ပဲ အင်္ဂလိပ်ငွေနဲ့ တန်ဖိုးထားလို့ ရတော့တာပဲ"

"တော်သေးရဲ့လို့ ဆိုရမှာပေါ့ခင်ဗျာ"

"ဂျပန်ငွေနဲ့ ကျပ်တစ်သိန်းကိုးသောင်းကျော် တန်ဖိုးရှိတဲ့ ကုမ္ပဏီရဲ့ အရပ်ရပ်ပစ္စည်းတွေကို အင်္ဂလိပ်ငွေနဲ့ ဖလှယ်လိုက်တော့ ကျပ်ငွေလေးသောင်းကျော်ဖြစ်လာတယ်။ ဂျပန်ငွေနဲ့ ကောက်ခံထားတဲ့ အစုရှယ်ယာတန်ဖိုးက ၄၂၀၀၀ဝ ကျော်ဖြစ်တော့ အစုငွေကို မူလကောက်ခံထားတဲ့အတိုင်း တန်ဖိုးမလျှော့ဘဲ အင်္ဂလိပ်ငွေနဲ့ပဲ အပြည့်အဝ သတ်မှတ်ပေးနိုင်ပါတယ်"

"သာဓုဗျာ၊ သာဓု"

"အဲဒီလိုနဲ့ပဲ ကုမ္ပဏီလုပ်ငန်းကို တစ်စတစ်စ ပြန်လည်ထူထောင်လာလိုက်တာ လွတ်လပ်ရေးရပြီးတဲ့ခေတ်မှာ (၁) ထားဝယ်မြို့ မြစ်ကမ်းပါးအနီး ကြက်စာပြင်ရပ်ကွက်မှာ ၁၁.၃၅ ဧကရှိ ခြံမြေကွက်ကို ဝယ်ယူပြီး စပါးတင်းရေ ၇၅၀ မှ ၁၀၀၀ အထိ ကြိတ်ခွဲနိုင်တဲ့ ကုမ္ပဏီဆန်စက်အသစ်တစ်လုံးကို တည်ဆောက်နိုင်ခဲ့တယ်။ (၂) ထားဝယ်မြို့ပေါ်မှာ ကိုယ်ပိုင်ရုံးခန်း အဆောက်အအုံနဲ့ ဈေးဆိုင်ခန်းများကို ဆောက်လုပ်နိုင်ခဲ့တယ်။ (၃) ထားဝယ်ဆီစက်၊ အထည်တိုက်၊ သံထည်နဲ့ ကုန်မာပစ္စည်းဆိုင်၊ အထွေထွေစတိုးဆိုင် စသည်တို့ကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့တယ်။ (၄) ၁၉၅၁ ခုနှစ်မှာ ငွေရင်းကျပ်ငွေ ၁၀ သိန်းမတည်ပြီး ထားဝယ်ဘဏ်ကို ဖွင့်လှစ်နိုင်ခဲ့တယ်။ (၅) ၁၉၅၄ ခုနှစ်မှာ နိုင်ငံခြားသားပိုင်တဲ့ ကန်ပေါက်သတ္တုတွင်းလီမိတက်ကို ကျပ်ငွေလေးသိန်းနဲ့ ငွေလက်ငင်းပေးချေပြီး ဝယ်ယူနိုင်ခဲ့ပါတယ်"

"ကန်ပေါက်မိုင်းဆိုတာ တနင်္သာရီတိုင်းမှာတော့ အကြီးဆုံးသတ္တုတွင်းလုပ်ငန်းဆိုတာ ကြားဖူးပါတယ်"

mgyoe.com

mgyoe.com


"ကန်ပေါက်ဆိုတာ ထားဝယ်မြို့မှ မိုင် ၆၀ လောက်ဝေးတယ်။ အကျယ်အဝန်းက မြေဧက ၄၈၄၃.၇၉ ရှိတယ်။ စတုရန်းအားဖြင့်ဆိုလျှင် ၈ မိုင်ရှိတယ်။ မြို့ကလေးတစ်မြို့ပါပဲ။ အဖြိုက်နက်၊ သံ (ဝူဖရမ် Wolfram)၊ ခဲသတ္တု (Tin Ore) နဲ့ ရောရောသတ္တု (Mixed Ore) တွေထွက်တယ်။ စစ်မဖြစ်မီက တစ်နှစ်မှာ တန်ချိန် ၄၀၀ ခန့် ထွက်ပါတယ်။ လျှပ်စစ်ဓာတ်မီးစက်ရုံ၊ ဝပ်ရှော့အလုပ်ရုံ၊ ရေလှောင်ကန်၊ စကားပြောကြေးနန်းရုံး၊ စာတိုက်၊ အလုပ်သမားနေထိုင်ရာတန်းလျား စသည်ဖြင့် အပြည့်အစုံရှိပါတယ်"

"မြန်မာတွေ စီမံအုပ်ချုပ် လုပ်ကိုင်နိုင်ကြမယ့် လုပ်ငန်းမဟုတ်ဘူးလို့ ကျွန်တော်ထင်မိတယ်။ ဒါလည်း တကယ်စွန့်စားရတဲ့ အလုပ်ပဲပေါ့"

"ဟုတ်ပါတယ်။ ၁၉၅၅ ခုနှစ်က ၁၉၆၈ ခုနှစ်အထိ ကန်ပေါက်မိုင်းလုပ်ငန်းကို ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိတက်က ၁၃ နှစ်တိုင်တိုင် အောင်မြင်စွာ အုပ်ချုပ်လုပ်ကိုင်ခဲ့ပါတယ်။ သတ္တုတွင်းတူးဖော်ခွင့် ၂၅ နှစ်၊ ဂရန်သက်တမ်းဟာ ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလမှာ ကုန်ဆုံးတဲ့အတွက် အစိုးရထံမှ ဆက်လက်လုပ်ကိုင်ခွင့် မရတော့ဘူး။ ၁၉၆၅ ခု ဇန်နဝါရီလ ၁ ရက်နေ့မှာ ကန်ပေါက်သတ္တုတွင်း လုပ်ငန်းအရပ်ရပ်ကို အဆောက်အအုံ၊ ပစ္စည်းကိရိယာများနှင့်တကွ အစိုးရသတ္တုတွင်းဌာနသို့ လွှဲပြောင်းပေးအပ်လိုက်ရပါတယ်။ အစိုးရဌာနလျော်ကြေးအဖြစ် ကျပ်ငွေ တစ်သိန်းရှစ်သောင်းရပါတယ်။ တစ်လုံးတစ်ခဲတည်းရတာမဟုတ်ဘူး။ တစ်နှစ်လျှင်တစ်ကြိမ် ကျပ်ငွေတစ်သောင်းကျ ထုတ်ယူနိုင်တဲ့ ငွေထုတ်လက်မှတ် ၁၉ စောင်ကိုသာ ရရှိခြင်းဖြစ်ပါတယ်"

"မလွယ်တဲ့ကိစ္စပဲနော်"

"၁၉၅၁ ခုနှစ်မှာ အစုတစ်စုမှာ ၁၀ ကျပ်နှုန်းနဲ့ ငွေရင်း ကျပ်ငွေ

mgyoe.com

mgyoe.com


၁၀ သိန်းသတ်မှတ်ပြီး ထားဝယ်ဘဏ်လီမိတက်ကို တည်ထောင်ပါတယ်။ ပထမကောက်ခံရရှိတဲ့ ငွေတစ်သိန်းနဲ့ ဘဏ်လုပ်ငန်းကို စရပါတယ်။ အတော်ကလေး အရှိန်ရလာပြီး တိုးတက်ဖွံ့ဖြိုးလာပြီး လုပ်ငန်းသက် ၁၂ နှစ်ကြာတော့ ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလထဲမှာ နိုင်ငံတော်အစိုးရဘဏ်အဖြစ် လွှဲပြောင်းပေးလိုက်ရပြန်ပါတယ်။အဲဒီနောက် ၁၉၆၄ ခုနှစ်၊ မတ်လမှာ တစ်ပြည်လုံးမှာရှိတဲ့ စီးပွားရေးလုပ်ငန်းအရပ်ရပ်ကို အစိုးရက ပြည်သူပိုင်အဖြစ် အသိမ်းခံလိုက်ရတော့ ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိတက်လည်း ဘေးမလွတ်ဘူးပေါ့။ ဒါပေမဲ့ ကျွန်တော်တို့ကုမ္ပဏီက ၁၉၆၃ ခုနှစ် ဧပြီလကစပြီး လုပ်ငန်းအရပ်ရပ်ကို ရပ်စဲထားပြီးဖြစ်နေလို့ ပြည်သူပိုင် အလုပ်မခံရဘူး။ ဥပဒေဘောင်အတွင်းက လုပ်ကိုင်ခွင့်ရှိတဲ့ အလုပ်တွေကို ဆက်လက်ပြီး လုပ်သွားပါတယ်။ ကုမ္ပဏီအများအပြား ဖျက်သိမ်း (Liquidate) လိုက်ရပေမယ့် ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိတက်ကတော့ မဖျက်သိမ်းဘဲ ယနေ့အထိ ရပ်တည်ဆဲဖြစ်ပါတယ်ခင်ဗျာ"

"ကုမ္ပဏီအုပ်ချုပ်သူများရဲ့ အမြော်အမြင်ကြီးမှု၊ ဖွဲ့သတ္တိရှိမှုတို့ကြောင့်ဖြစ်တယ်လို့ ဆိုရမှာပဲ"

"မှန်ပါတယ်။ နှစ်ပေါင်း ၅၀ နီးလို့ ရွှေရတုသဘင် ကျင်းပမယ်ဆိုတောင် ဖြစ်နိုင်ပါတယ်။ ခေတ်အဆက်ဆက်မှာ ရေဆန်လေဆန်ကို ရွက်တင်ပြီး ကျော်ဖြတ်ခဲ့ရတဲ့ လှေနာဝါကြီးပေါ့ခင်ဗျာ"

"ဟုတ်တာပေါ့။ ဂျပန်အထွက် အင်္ဂလိပ်အဝင်မှာပဲ ဂျပန်စက္ကူတန်ဖိုးမရှိလို့ ဖျက်ကိန်းကြုံရမယ့်ကိစ္စပေါ့"

"ယခုဆိုလျှင် အစုရှင် ၁၃၀၀ ကျော်ကို လက်ရှိငွေနဲ့ မူလတန်ဖိုးအတိုင်း အစုဝင်လက်မှတ်အသစ်တွေကို ထုတ်ပေးနိုင်ခဲ့ပြီး အစုအပေါ်အချိုးကျအမြတ်ငွေတွေကိုလည်း ယခုငွေတန်ဖိုးနဲ့ပဲ ပြန်ထုတ်ပေးနေပါ

mgyoe.com

mgyoe.com


တယ်"

' ဂျပန်ငွေနဲ့စခဲ့ရတဲ့ ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိတက်ဟာ ယခုဆိုရင် ပိုင်ဆိုင်တဲ့ပစ္စည်း (Assets) အနေနဲ့ (၁) ထားဝယ်မြို့ပေါ်မှာ နှစ်ထပ်တိုက်၊ ရုံးအဆောက်အအုံတစ်ခု၊ (၂) တစ်နေ့ ၂၅ တန်ကျတဲ့ ဆန်စက်တစ်လုံး၊ (၃) ၁၁ ကေကျယ်ဝန်းတဲ့ ခြံမြေတစ်ကွက်၊ (၄) ရန်ကုန်ဆူးလေ ကုန်းတော်အနီး မဟာဗန္ဓုလလမ်းမှာရှိတဲ့ ငါးထပ်တိုက်တစ်လုံးရှိပါတယ်။ ကာလတန်ဖိုးအရဆိုလျှင် ကျပ်ငွေ ၆၅ သိန်း (Face Value) အနေဖြင့် အနည်းဆုံး တန်နေပြီပေါ့ဗျာ"

"ခင်ဗျားတို့ကုမ္ပဏီကတော့ တကယ့်ကို အံ့သြစရာ၊ အားကျစရာ၊ အတုယူစရာပါပဲ"

"တစ်ခုပြောရဦးမယ်။ အင်္ဂလိပ်ခေတ်က စတီးဘရားသားကုမ္ပဏီက ဖြန့်ဖြူးရောင်းချတဲ့ 'နွားတံဆိပ်' ပေါက်ပြား(Manmooties) ဟာ နာမည်ကြီးတယ်။ တောင်သူလယ်သမားများ အသုံးများတယ်။ ဒါတွေကို စျေးကွက်မြင်တဲ့ ကုမ္ပဏီလူကြီးများက လန်ဒန်မှာရှိတဲ့ (Portman Hill Co., Ltd.) ကုမ္ပဏီလီမိတက်မှာ အော်ဒါပေးပြီး ပေါက်ပြားတွေလုပ်ခိုင်းတယ်။ စတီးဘရားသားက နွားတံဆိပ်ပေါက်ပြားနဲ့ အမျိုးအစား၊ အရွယ်ရော၊ ပုံစံရော၊ တစ်ထပ်တည်းတူညီပြီး ကျွန်တော်တို့က စျေးလျှော့ရောင်းတယ်။ အမှတ်တံဆိပ်ကိုလည်း တို့ဗမာအစည်းအရုံးရဲ့ သုံးရောင်ခြယ်အလံကိုယူပြီး အလယ်အနီရောင်အပိုင်းအတွင်းမှာ တောင်သူလယ်သမားများ အသုံးပြုတဲ့ တံစဉ်တံဆိပ်ကို ထည့်တယ်။ အင်္ဂလန်မှာလုပ်သည်လို့လည်း ဖော်ပြထားတယ်။ အမျိုးအစားမညံ့ဘူးဆိုတဲ့ သဘောပါပဲ။ ဒီတံဆိပ်ကို အင်္ဂလန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်ရုံးမှာလည်း မူပိုင် မှတ်ပုံတင်ထားတယ်။ အဲဒီတော့ စတီးဘရားသားက နွားတံဆိပ်နဲ့ယှဉ်ပြိုင်ပြီး ရောင်းတဲ့အခါမှာ ကျွန်တော်တို့ပေါက်တူးက

mgyoe.com

mgyoe.com


အသာရလာတာပေါ့ဗျာ"

"ခင်ဗျားတို့က အကြံပိုင်တာပေါ့လေ"

"စီးပွားရေးလုပ်ငန်းဆိုတာ အပြိုင်အဆိုင်ရှိရမယ်ပေါ့ခင်ဗျာ။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်ပြောချင်တာကတော့ မြန်မာကုမ္ပဏီတွေဟာ ကောက်ရိုးမီးလိုမဟုတ်ဘဲ ကြီးပွားတိုးတက် တည်တံ့ခိုင်မြဲချင်လျှင် ပါဝင်ဆောင်ရွက်သူများဟာ မျိုးချစ်စိတ်ရှိရမယ်၊ သစ္စာရှိရမယ်၊ မဖောက်မပြန် တည်ကြည်ဖြောင့်မတ်မှုရှိရမယ်၊ လုံ့လဝီရိယရှိရမယ်၊ စွန့်စားမှုရှိရမယ်၊ ကိုယ်ကျိုးရှောင် တစ်ကိုယ်ကောင်းစိတ်မရှိရဘူး။ စည်းလုံးညီညွတ်မှုရှိရမယ်၊ မြော်မြင်မှုရှိရမယ်၊ တာဝန်ကျေပွန်ရမယ်ဆိုတဲ့ ကျင့်စဉ်တွေကို မူလကတည်းက ချမှတ်ထားပါတယ်။ အဲဒီကျင့်စဉ်တွေအတိုင်းပဲ ယခုလည်း ဆောင်ရွက်နေကြပါတယ်"

"ကောင်းပါတယ်ခင်ဗျာ။ ဒါမှလည်းပဲ သားစဉ်မြေးဆက် ခိုင်မြဲနေမယ်။ နောင်တွင်လည်း အနှစ် ၅၀၊ အနှစ် ၁၀၀ မက ဆက်လက်ရှင်သန် ကြီးပွားပါစေလို့ ဆုတောင်းပါတယ်"

❒

mgyoe.com

mgyoe.com




မွန်သူဌေးကြီး ဦးနာအောက်

mgyoe.com

mgyoe.com


ကျွန်တော်တို့ မြန်မာတိုင်းရင်းသားလုပ်ငန်းတွေဟာ
အများအားဖြင့်
အလွန်ဆုံး မျိုးဆက်တစ်ဆက်သာခံတယ်။
ကြာရင် ပြုတ်သွားတာပဲ။
မိဘရဲ့လုပ်ငန်းအမွေတွေကို
တူသားနောင်မယ်တွေက
ဆက်လက်ထိန်းသိမ်းနိုင်စွမ်း မရှိဘူး။
မိဘက တိုက်ဆောက်ခဲ့တယ်။
သားသမီးကျတော့ တဲအိမ်နဲ့ ဖြစ်သွားတယ်။

mgyoe.com

mgyoe.com

## ရှိုးရှိုးကျင့် မြင့်မြင့်ကြဲ (သို့မဟုတ်) မွန်သူဌေးကြီး ဦးနာအောက်

"ရေနံချောင်းက အင်(န်)အိုစီ ကုမ္ပဏီသူဌေးကြီးအကြောင်း ဖတ်ရတော့ ကျွန်တော်တို့တစ်တွေ အတုယူစရာ၊ နည်းယူစရာပေပဲလို့ ဆိုရမှာပဲ ဦးရဲ့"

"ဩော်... ရေနံချောင်းမှာ ဆင်းရဲသူက ချမ်းသာသွားလို့ အတုယူစရာကောင်းသလို၊ ချမ်းသာသူက ဆင်းရဲသွားလို့ သံဝေဂရစရာကောင်းတဲ့ ပုံပြင်ကလေးတွေလည်း ရှိသေးတယ်ကွယ့်။ စာပေလောကပိုင်ရှင် သခင် ခင်ညွှန့်တို့ဆိုရင် ရေနံချောင်းမှာ စီးပွားရေးရော နိုင်ငံရေးပါ လုပ်လာလိုက်တဲ့ပုဂ္ဂိုလ်မို့ ရေနံချောင်းရဲ့ စီးပွားရေးသမိုင်းကို ပိုပြီး သိပါလိမ့်မယ်"

"အကြောင်းက ဘယ်လိုပါလဲ ဦးရဲ့"

"ဆင်းရဲရာက ချမ်းသာသွားတယ်ဆိုတဲ့ အင်(န်)အိုစီ ကုမ္ပဏီသူဌေးကြီးဟာ မူလက ဘီအိုစီကုမ္ပဏီမှာ ဒရဝမ်လုပ်ပြီး ဗယာကြော်ရောင်းစားလာရတယ်ဆိုတာ ပြောပြီးပြီမဟုတ်လား"

"ဟုတ်ပါတယ်"

mgyoe.com

mgyoe.com


"ရေနံချောင်းဟာ သဘာဝအားဖြင့် ရေနံကြွယ်တဲ့မြို့၊ ရေနံချောင်းနဲ့ ချောက်မြို့နယ်တွေကို ရေနံမြေလို့ ခေါ်ကြတယ်လေ။ ဘယ်နေရာတူးလိုက်တူးလိုက် ရေနံထွက်တယ်။ ရှေးရှေးတုန်းက မြန်မာဘုရင်တွေလက်ထက်မှာဆိုရင် စက်ကြီးတွေဘာတွေနဲ့ တူးစရာမလိုဘူး။ လွယ်လွယ်နဲ့ပဲ ရေနံတူးလို့ရတယ်။ ဒီတော့ ဒရဝမ်ကုလားကြီးက စဉ်းစားတယ်။ ငါလည်း ငွေအရင်းအနှီးရှိရင် ဘီအိုစီကုမ္ပဏီကြီးလို ရေနံတွင်းပိုင်ရှင်ဖြစ်နိုင်တဲ့ ရေနံလုပ်ငန်းကို လုပ်မယ်လို့ စိတ်ကူးတယ်"

"အမြင့်ကို ခြေလှမ်းမယ့်သဘောပေါ့"

"အဲဒီတော့ အရင်းအနှီးဖြစ်အောင် သူက ငွေစုတယ်။ သူရတဲ့ ဒရဝမ်လစာနဲ့ ဗယာကြော်ရောင်းလို့ရတဲ့ငွေကို အစားခြိုးခြံ၊ အနေခြိုးခြံပြီး ငွေစုတယ်။ နောက်ပြီး ကုမ္ပဏီက လခစားအမှုထမ်းတွေထဲကရယ်၊ ပြင်ပမှာရော သုံးစရာ ငွေလိုနေတဲ့သူတွေကို အတိုးနဲ့ငွေချေးတယ်။ ဒီလိုနဲ့ပဲ တဖြည်းဖြည်းနဲ့ ငွေစုဆောင်းမိပြီး ငွေရှင်ကြေးရှင် ဖြစ်လာတာပေါ့"

"ခေတ်အခေါ် မနရှင်ဆိုပါတော့"

"အေး... ဘယ်လိုပဲခေါ်ခေါ် လောကမှာ စီးပွားရေးဖြစ်ဖြစ်၊ နိုင်ငံရေးမှာပဲဖြစ်ဖြစ် မနရှိမှ အလုပ်လုပ်လို့ ဖြစ်တယ်ဆိုတာကိုတော့ မောင်ရင်တို့ သဘောပေါက်ထားဖို့လိုတယ်။ စုဆောင်းလို့ရတဲ့ငွေကြေးနဲ့ ရေနံလုပ်ငန်းကိုဝင်လိုက်တော့ တဖြည်းဖြည်းနဲ့ သူဟာ တွင်းစားတွင်းပိုင်ရှင်အဖြစ်ကို ရောက်လာတယ်"

"သူက ငွေချေးစားတဲ့မြီရှင်အဖြစ်နဲ့ တွင်းစားတွင်းပိုင်ဖြစ်လာပြီး သူ့ထံက ငွေချေးယူတဲ့ မြီစားအချို့ကတော့ ရေနံတွင်းတွေ လက်မဲ့ဖြစ်သွားတယ်လို့ ဆိုရမှာပေါ့ခင်ဗျာ"

"အေး... ဒါကြောင့်မို့ သံဝေဂယူစရာလို့ ပြောတာပေါ့။ တို့တစ်တွေဟာ အများအားဖြင့် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ ပေါ့ပေါ့သုံးပြီး

mgyoe.com

mgyoe.com


လုံ့လဝီရိယနည်းတယ်။ အပျော်အပါးများတယ်။ လူမျိုးခြားနဲ့ယှဉ်လိုက်ရင် ဒါတွေဟာ တို့ရဲ့ ဟာကွက်၊ ပျော့ကွက်၊ အားနည်းချက်တွေပေါ့ကွာ"

"ဒရဝမ်ကုလားကြီးကတော့ ရိုးရိုးကျင့်ပြီး မြင့်မြင့်ကြံသွားတာပေါ့"

"တို့ရဲ့ ဘာသာရေးစာပေနယ်ပယ်မှာ စီးပွားရေးနဲ့ပတ်သက်တဲ့ ဆုံးမသြဝါဒတွေ အများကြီးရှိတယ်။ ဒုတိယဘုရင်မင်းခေါင်လက်ထက်မှာ ဂုန်တော်မင်းကျောင်းဆရာတော်ရေးတဲ့ 'လောကသာရပျို့' မှာ ဓိဆိုဆိုထားတယ်။

စေ့မြေ့သိပ်သည်း၊ ရွှေ့ရွှေ့ဆည်းလော့၊ စရည်းအိုးခွက်၊ ကြီးစွာပျက်လျှင်၊ စဉ်ဆက်ကျမျှား၊ ပြည့်သောလားသို့၊ ပျား၏နည်းထုံး၊ မှတ်ကျင့်သုံး၍၊ ခြပုန်းတောင်ပို့၊ ဖို့သည့်ခြင်းရာ၊ လူလိမ္မာတို့၊ ဥစ္စာဆည်းတွေ၊ တတ်လှစေလော့၊ ကြွက်သေတစ်ခု၊ အရင်းပြု၍၊ ကြွယ်မှုတတ်ဆုံး၊ သူဌေးထုံးကို၊ နှလုံးမူလျက်၊ ကြံစည်နက်ကို၊ သူ့ထက်လွန်ကဲ၊ ကြိုးစေမင်းတဲ့"

"ချွေတာစုဆောင်းရမယ်၊ လေးနက်တဲ့အကြံအစည်ရှိရမယ်။ လုံ့လဝီရိယနဲ့ ကြိုးစားအားထုတ်မှုရှိရမယ်လို့ သြဝါဒစကားတွေရှိပေမယ့် ဆုံးမတဲ့အတိုင်း ကျင့်ကြံအားထုတ်မှုရှိဖို့ကလည်း လိုသေးတယ် ဦးရဲ့"

"ဟုတ်တာပေါ့ကွယ်။ ဒီခေတ်မှာလည်း သမာအာဇီဝနည်းနဲ့ ကြီးပွားချင်ရင် ရိုးရိုးကျင့် မြင့်မြင့်ကြံဆိုတဲ့စကား အရှိသားမဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"အေး ရိုးရိုးကျင့်ပြီး မြင့်မြင့်ကြံတဲ့ မိလျံနာ သန်းကြွယ်သူဌေးကြီး တစ်ဦး ရှိခဲ့ဖူးတယ်။ မွန်ပြည်နယ် ကတိုးကော့နပ်ရွာက မွန်သူဌေးကြီး ဦးနာအောက်တဲ့"

"ကျွန်တော် ကြားဖူးသလိုလိုရှိပါတယ်။ ဩော်... ဟုတ်ပြီ ဦးရေ့။ ကျွန်တော့်တူတော်မောင် ချာတိတ် ဖတ်ဖတ်နေတဲ့ စတုတ္ထတန်း သမိုင်း

mgyoe.com

mgyoe.com


ဖတ်စာအုပ်ထဲမှာပါတဲ့ ဦးနာအောက်ပဲ ဖြစ်ပါလိမ့်မယ်"

"အေး... အဲဒီဦးနာအောက်အကြောင်း နည်းနည်း ပြောပြချင်တယ်။ ပညာရေးဌာနက ကျောင်းသုံးစာအုပ်ထဲမှာ ဖော်ပြထားတာက လည်း လူငယ်တွေ အတုယူစရာ အချက်အလက်တွေ ပါလို့ပါပဲ။ ဦးနာအောက်ဟာ ကတိုးကော့နပ်ရွာသူကြီး သစ်လုပ်ငန်းနဲ့ ကြီးပွားလာတဲ့ ပုဂ္ဂိုလ်။ သူဟာ မူလက သာမန် တောင်သူလယ်သမားဘဝမှ ဖွဲ လုံ့လ ဝီရိယကြောင့် အလုပ်ကို ကျွမ်းကျင်ရှိသေမှုကြောင့် သစ်လုပ်ငန်းနဲ့ ချမ်းသာကြွယ်ဝလာတယ်။ ဒါပေမဲ့ သူဌေးအနေမျိုးနဲ့မနေဘူး။ အိမ်မှာနေရင် အင်္ကျီမပါ။ ပိတ်ဖြူပုဆိုးဝတ်ပြီး တဘက်ကို ခေါင်းပေါင်းကာ အလုပ်တစ်ခုကို လုပ်နေတတ်တယ်။ အလဟဿ အချိန်ဖြုန်းမနေတတ်ဘူးတဲ့"

"ဘယ်ခေတ်တုန်းကလဲ ဦးရဲ့"

"ဗြိတိသျှ အစိုးရလက်ထက် ဧရာဝတီကုမ္ပဏီ ကောင်းစားစဉ်အခါကပေါ့။ Ayeyawaddy Flottila Company Limited လို့ခေါ်တယ်။ ၁၈၆၅ ခုနှစ်မှာ ဖွဲ့စည်းတည်ထောင်ပြီး ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအလုပ်တွေကို လုပ်တာပါပဲ။ မူလက ဗြိတိသျှအစိုးရရဲ့ ရည်ရွယ်ချက်ကတော့ အထက်အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးတဲ့နောက် ခဲယမ်းမီးကျောက်နဲ့ စစ်လက်နက်ပစ္စည်းတွေ၊ စစ်ရိက္ခာတွေ၊ စစ်သည်တွေကို မန္တလေးနဲ့ ရန်ကုန်အကြား သယ်ယူပို့ဆောင်ပေးဖို့ပါပဲ။ နောက်တော့ ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင်မကဘဲ မြစ်ဝကျွန်းပေါ်ဒေသ၊ ချင်းတွင်းဒေသ၊ ရန်ကုန် မော်လမြိုင်ခရီးမှာပါ ဆန်စပါး၊ သစ်၊ ရေနံစတဲ့ ကုန်ပစ္စည်းတွေရော၊ ခရီးသည်တွေအတွက်ပါ သယ်ယူပို့ဆောင်ရေးလုပ်လာတယ်"

"တစ်ခုတည်းသော ကုမ္ပဏီပိုင်လုပ်ငန်းဖြစ်မှာပေါ့"

"ဟုတ်ပါတယ်။ အပြိုင်အဆိုင်မရှိသေးဘူး။ ဘီအိုစီ ရေနံကုမ္ပဏီ

mgyoe.com

mgyoe.com


ကြီးလို အမြတ်အစွန်းကြီးမားတဲ့ ကုမ္ပဏီကြီးပေါ့။ တစ်ဦးတည်း လက်ဝါးကြီးအုပ်ထားတယ်"

"စီးပွားရေးနယ်ပယ်မှာ နိုင်ငံခြားကုမ္ပဏီကြီးတွေက စိုးမိုးခြယ်လှယ်နေမှာပေါ့ခင်ဗျာ"

"မှန်တယ်။ အဲဒီလို နိုင်ငံခြားကုမ္ပဏီတစ်ခုက စီးပွားရေး နယ်ချဲ့လာတာကိုမြင်တဲ့ တိုင်းရင်းသား မျိုးချစ်ပုဂ္ဂိုလ်အချို့က ဧရာဝတီကို ဖြစ်တဲ့နည်းနဲ့ ယှဉ်ကြိုးစားလာကြတယ်"

"ဝမ်းသာရမှာပေါ့ခင်ဗျာ"

"အဲဒီလို အပြိုင်အဆိုင်တိုက်မယ့် ပုဂ္ဂိုလ်တွေထဲမှာ ဦးနာအောက်ဟာ ထိပ်တန်းကပဲ။ သူဟာ မျိုးချစ်စိတ်လည်းရှိတယ်။ ငွေကြေးလည်း တတ်နိုင်တဲ့ ပုဂ္ဂိုလ်ကြီးပေါ့။ အဲဒီတုန်းက ဧရာဝတီက မော်လမြိုင်ကို ဗဟိုထားပြီး သံလွင်မြစ်ရိုးတစ်လျှောက်ရှိ မြို့ရွာတွေမှာ နှစ်ထပ်သင်္ဘောတွေ ပြေးဆွဲနေတယ်။ မော်လမြိုင်နဲ့ ကတိုး၊ ကြာအင်း၊ ဘားအံ၊ ကြံ့ဒိုး၊ ရွှေဂွန်း၊ မုတ္တမ စတဲ့ လိုင်းတွေမှာပေါ့။ ကြာအင်းနဲ့ ဆိပ်ကြီး၊ ကတိုးနဲ့ ကော့နပ်ဟာ တစ်ရွာစီဖြစ်ပေမယ့် တွဲပြီး ခေါ်ဝေါ်လေ့ရှိကြတယ်။ ဦးနာအောက်(ကတိုးကော့နပ်)က အဲဒါကိုမခံချင်လို့ စကော့တလန်မှာ မီးသင်္ဘောကိုးစင်းမှာယူပြီး ဝင်ရောက်ယှဉ်ပြိုင်ပြေးဆွဲတယ်"

"မီးသင်္ဘောကိုးစင်းရဲ့တန်ဖိုးဟာ သေးမှာမဟုတ်ဘူး။ သင်္ဘောကိုးစင်းအတွက် သင်္ဘောသားအလုပ်သမားတွေ စာရေးစာချီတွေလည်း ထားရဦးမယ်ဆိုတော့ ကြီးမားတဲ့လုပ်ငန်းကြီးတစ်ခုလို့ ဆိုရမှာပဲ"

"ယှဉ်ပြိုင်ရတဲ့ ဦးနာအောက်ရဲ့ သတ္တိကိုလည်း ကြည့်ဦးလေ။ ဧရာဝတီကုမ္ပဏီက လူစီး၊ ကုန်တင်ခကို တစ်ကျပ်ယူလျှင် ဦးနာအောက်က သုံးမတ်ယူတယ်။ ရဟန်းသံဃာများ၊ သာမဏေများ၊ သီလရှင်များဆိုလျှင် အခမဲ့စီးနင်းခွင့်ပြုတယ်။ တိုင်းရင်းသားခရီးသည်များကလည်း

mgyoe.com

mgyoe.com


တိုင်းရင်းသားပိုင်ဖြစ်တဲ့ ဦးနာအောက်သင်္ဘောကိုသာ အားပေးတဲ့အနေနဲ့ စီးကြတယ်။ သူ့သင်္ဘောတွေက ဧရာဝတီနဲ့ ခွဲခြားသိအောင် ခေါင်းတိုင်မှာ အဖြူရစ်လုပ်ထားတယ်။ ဧရာဝတီကတော့ အနီရစ်ပေါ့"

"ဦးနာအောက်ဟာ စိတ်ကူးလည်းကောင်းတယ်။ အကြံဉာဏ်ကောင်းပုံရတယ်"

"ဟုတ်ပါတယ်။ အဲဒီလို သင်္ဘောခကလည်း လျှော့တယ်။ ရဟန်းသာမဏေတွေလည်း အခမဲ့စီးရတယ်ဆိုတော့ ဧရာဝတီမှာ လူစီးနည်းသွားပြီး ဝင်ငွေလည်း သိသိသာသာကြီး လျော့နည်းသွားတာပေါ့။ အဲဒီတော့ တစ်ဦးတည်းအပိုင်စီးထားတဲ့ ဧရာဝတီကလည်း သင်္ဘောခနှုန်းကို အပြိုင်လျှော့လာရတယ်"

"အခနှုန်းလျှော့သွားတယ်ဆိုတော့ ခရီးသွားတွေအတွက် လုပ်လာကြလိုက်တာ နောက်ဆုံး သင်္ဘောခမယူဘဲ အခမဲ့စီးခွင့်ပြုကြတယ်။ ထမင်းလည်းကျွေးတယ်။ ပစ္စည်းလည်း လက်ဆောင်ပေးကြတယ်။ ဧရာဝတီက ဦးနာအောက်ကို အပြုတ်နှံတဲ့သဘောပေါ့။ ဆင်နဲ့ဆိတ်ပြိုင်သလိုဖြစ်ပြီး တာတိုမှာနိုင်နိုင်သော်လည်း တာဝေးကျတော့ ဦးနာအောက်ဟာ အလဲထိုးခံရပြီး ပြုတ်သွားတော့တာပေါ့ကွယ်"

"စီးပွားရေးမှာ တကယ်သတ္တိကောင်းတဲ့ ဦးနာအောက်ပဲ။ ကြံရည်ဖန်ရည် လုပ်ရည်ကိုင်ရည်ကလည်း ကောင်းသပေါ့လေ။ ဒါပေမဲ့ သင်ခန်းစာယူစရာတစ်ခုတော့ရှိတယ်။ ဦးနာအောက်ဟာ တစ်ဦးတည်းမဟုတ်ဘဲ အစုရှယ်ယာခေါ်ပြီး အများနဲ့ စုပေါင်းလုပ်မယ်ဆိုရင် အဲဒီမော်လမြိုင်လိုင်းမှာ ဧရာဝတီကို အပြုတ်နှံနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူထုရဲ့အားပေးမှုကို ရနေလို့ပါပဲ"

"ဟုတ်တာပေါ့မောင်ရင်။ အရင်တစ်ပတ်က ဦးပြောတဲ့ ထားဝယ်ထရိတ်ဒင်းလီမိတက်ကိုကြည့်ပေါ့။ ကာလပျက်တွေနဲ့ ကြုံခဲ့ပေမယ့်

mgyoe.com

mgyoe.com


စုပေါင်းလုပ်ကိုင်ခဲ့တဲ့အတွက် ခံနိုင်ရည်ရှိပြီး နှစ်ပေါင်း ၅၀ ကျော် ယနေ့အထိ မားမားမတ်မတ် ရပ်တည်နိုင်တုန်းပါပဲ။ နောက်တစ်ချက်ကတော့ ဦးနာအောက်ရဲ့ သားသမီးအမွေခံတွေက ဆက်လက်ထိန်းသိမ်း လုပ်ကိုင်နိုင်စွမ်းမရှိဘဲ သင်္ဘောတွေကို ဧရာဝတီသို့ လွှဲပြောင်းရောင်းချလိုက်ရခြင်းပါပဲ"

"ကျွန်တော်တို့ မြန်မာတိုင်းရင်းသားလုပ်ငန်းတွေဟာ အများအားဖြင့် အလွန်ဆုံး မျိုးဆက်တစ်ဆက်သာခံတယ်။ ကြာရင် ပြုတ်သွားတာပဲ။ မိဘရဲ့လုပ်ငန်းအမွေတွေကို တူသားနောင်မယ်တွေက ဆက်လက်ထိန်းသိမ်းနိုင်စွမ်းမရှိဘူး။ မိဘက တိုက်ဆောက်ခဲ့တယ်။ သားသမီးကျတော့ တဲအိမ်နဲ့ဖြစ်သွားတယ်။ ယနေ့ခေတ်မှာကိုပဲ အများအပြားရှိနေပါတယ်ဦး"

"မှန်ပါတယ်။ ဦးဖာနီဗယ်(လ်)တို့၊ သခင်ဘသောင်းတို့ရဲ့ ဂန္ထလောကမဂ္ဂဇင်းမှာ သဲအုတ်များပြိုလေရာ ကျောက်အုတ်ဖြင့် တည်ဆောက်အံ့ဆိုတဲ့ လက်သုံးစကား (Motto) တစ်ခုရှိတယ်။ ဆရာဦးတက်တိုးတို့လည်း ဒီမဂ္ဂဇင်းကို ကိုင်ခဲ့ဖူးပါတယ်။ နိုင်ငံ့စီးပွားရေးမှာလည်း အဲဒီအတိုင်းဖြစ်အောင် ကြိုးစားကြရမှာပဲ"

"ဧရာဝတီကုမ္ပဏီကြီးဟာ မြန်မာတစ်နိုင်ငံလုံးမှာ ဘယ်လောက်ကြာကြာ အမြတ်ထုတ်သွားသလဲဦးရဲ့"

"၁၈၆၉ ခုနှစ် အင်္ဂလိပ်မြန်မာ စစ်ပွဲအပြီးမှာ စတင်ဖွဲ့စည်းတယ်ဆိုတော့ ဂျပန်ခေတ်ကိုချန်ပြီး ယခု လွတ်လပ်ရေးခေတ်အစိုးရက ပြည်သူပိုင်သိမ်းလိုက်တဲ့ ၁၉၄၈ ခုနှစ်အချိန်အထိဆိုရင် နှစ်ပေါင်း ၈၀ ခန့်ပေါ့ကွာ။ ဒုတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲအတွင်းက အိန္ဒိယအစိုးရထံမှ မီးသင်္ဘောသုံးစင်းနဲ့ စခဲ့တယ်လို့ဆိုတယ်။ ၁၈၈၅ ခုနှစ်မှာ တစ်ထပ်သင်္ဘောငါးစင်း တိုးချဲ့လုပ်ကိုင်လာလိုက်တာ ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ

mgyoe.com

mgyoe.com


မှာ အင်္ဂလိပ်အစိုးရနဲ့ စစ်တပ်တွေ မြန်မာပြည်က အိန္ဒိယသို့ ဆုတ်ခွာသွားတဲ့အခါမှာ သင်္ဘောကြီး၊ သင်္ဘောငယ်၊ ဆွဲသင်္ဘော၊ တုန်ကင်းမှအစ ရေယာဉ်ပေါင်း ၆၅၀ ကျော် ကျန်ခဲ့တယ်လို့ဆိုတယ်။ အဲဒီလောက်ဆိုရင် ဧရာဝတီရဲ့ အမြတ်ငွေဟာ ဘယ်လောက်ကြီးမားမယ်ဆိုတာ ခန့်မှန်းနိုင်လောက်ပါပြီ"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ မွန်သူဌေးကြီးဦးနာအောက်က ခေတ်အမြင်ရှိတာရယ်၊ ဖွဲ့သတ္တိကောင်းတာနဲ့ မျိုးချစ်စိတ်၊ သာသနာချစ်စိတ်ရှိတာကိုပဲ ချီးကျူးလို့မကုန်နိုင်ပါဘူး။ အလားတူမြန်မာ့စီးပွားရေး လူစွမ်းကောင်းကြီးများ ပေါ်ပေါက်ပါစေလို့လည်း ဆုတောင်းပါတယ်"

"စီးပွားရေးလည်းကျွမ်းကျင်တယ်။ သာသနာချစ်စိတ်လည်းရှိတဲ့ မွန်သူဌေးကြီး ဦးရွှေလေးနဲ့၊ ဟသ်ာတဦးမြတို့အကြောင်းလည်း နောက်တစ်ပတ် အချိန်ရရင် ဆွေးနွေးကြသေးတာပေါ့။ သိဒ္ဓိတန်ခိုးနဲ့ ဘိုးဘိုးအောင်မ,တဲ့ကိန်းမျိုးတော့ မဟုတ်ဘူးပေါ့ကွာ"

သတ္တဝါအများ ချမ်းသာကြပါစေ။

❒

mgyoe.com



နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံကို
မြန်မာစကားပြေပြန်ဆိုရေးသားသော
မြန်မာပိဋကတ်ဒါယကာ
မော်လမြိုင်မြို့ ကတိုးကော့နပ်ရွာ
ရာဘာအက်(စ်)တိပ်ပိုင်ရှင်၊ မင်းတိုင်ပင်အမတ်
သူဌေးကြီး ဦးရွှေလေး

mgyoe.com